ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday 5 October 2018 ၉၄၃၀

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဗဟိုပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို တည်တည်ငြိမ်ငြိမ်ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်သည်။
- နိုင်ငံတော်အစိုးရ လက်ရှိကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အတွက် နိုင်ငံရေးသဘောတူညီချက်များရရှိရေး၊ ၎င်းနောက် ပြည်ထောင်စုသဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုပြီး အစဉ်အဆက် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးပင် ဖြစ်သည်။
- ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဘုံသဘောတူလက်ခံသည့် အခြေခံမူများ ထွက်ပေါ်လာရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိ ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရန် တပ်မတော်၏ အခန်းကဏ္ဍကလည်း အရေးပါနေသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# ဖမ်းဆီးရမိခဲ့သည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံအတွင်း၌ တောရိုင်းတိရစ္ဆာန်များကို တရားမဝင် အမဲလိုက် သတ်ဖြတ်ခြင်းနှင့် တိရစ္ဆာန်များ၏ အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်မှု အရေးယူတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့သည့် ခန့်မှန်းကာလတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းရှိ ဆင်စွယ် ၂၇၇ ချောင်း၊ ဆင်အရိုးနှင့် တိရစ္ဆာန်အရိုးမျိုးစုံ ၂၂၇ ချောင်း၊ တိရစ္ဆာန်သားရေမျိုးစုံ ၄၅ ချပ်၊ တိရစ္ဆာန်ဦးချိုမျိုးစုံ ၁၅၄၄ ချောင်း၊ သင်းခွေချပ်အကြေးခွံ ၄၅ ဒသမ ၅ ကီလိုဂရမ်နှင့် အခြားတောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းမျိုးစုံ ၁၂၈ ခုတို့ကို ယနေ့နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့သည်။

ဖမ်းဆီးရမိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



ဖမ်းဆီးရမိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများကို မီးရှို့ဖျက်ဆီးစဉ်။

## ယနေ့သတင်းအညွှန်း



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီးတို့ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက် စာမျက်နှာ ၃

နိုင်ငံခြားငွေလဲလှယ်နှုန်း ပြဿနာ စာမျက်နှာ ၆



ထိုင်းတောဝက်အသင်း လူငယ်ဘောလုံးသမားများ နိုင်ငံတကာခရီးစဉ် စတင် စာမျက်နှာ ၁၂

ဝယ်လိုအားလျော့နည်း၍ ပြည်တွင်းလက်မှု အနုပညာလုပ်ငန်းများ ကျားကန်နေရ စာမျက်နှာ ၁၆



# ကြေးမုံ

## နိုင်ငံတော်၏အနာဂတ်ကို ဝိုင်းဝန်းမြှင့်တင်

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာများကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ဆရာများသည် တပည့်များအား လူမှုဘဝနယ်ပယ်တွင် တင့်တင့်တယ်တယ် အသိအမြင်ကြွယ်သူများအဖြစ် ရပ်တည်နေထိုင်နိုင်အောင် လမ်းမှန်ညွှန်ပြ ပညာသင်ကြားပေးသူများဖြစ်၍ ရိုသေလေးစားတန်ဖိုးထားကြရမည် ဖြစ်သည်။

ထို့ကြောင့် ဆရာများအား တန်ဖိုးထားသောအားဖြင့် အစဉ်အလာမပျက် နှစ်စဉ်အသိအမှတ်ပြုကြသည်။ ယခုနှစ်တွင် ဆရာများအား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့ကို "အခွင့်အလမ်းရရှိဖို့ အရည်အသွေးပြည့်ဆရာ ဖြည့်ဆည်းစို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပကြသည်။ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိမည့် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် ဆရာများ၏အရည်အသွေးကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ကျင်းပကြသည်။ ကမ္ဘာကြီးမှာ တိုးတက်ပြောင်းလဲနေသည်။ ပြောင်းလဲတိုးတက်လာမှုအလိုက် ဆရာအရည်အသွေး ပြည့်ဝရေး ဖြည့်ဆည်းပေးရမည် ဖြစ်သည်။

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာ ဆရာမတွေ ကိုယ်တိုင်ကိုက အားနည်းတဲ့ပညာရေးစနစ်ကနေ ပေါက်ဖွားလာခဲ့ကြတာ များပါတယ်။ ဒါပေမယ့် နောက်မကျသေးပါဘူး။ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်နိုင်ခွင့်ဆိုတာ တစ်ချိန်လုံးရှိနေပါတယ်။ အဲဒီတော့ လေ့လာကြပါ။ မြှင့်တင်ဖို့ ကြိုးစားကြပါ။ ကိုယ့်အရည်အချင်းကို မြှင့်တင်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့ အရည်အချင်းကို မြှင့်တင်ပေးတယ်ဆိုတဲ့စိတ်နဲ့ ဂုဏ်ယူကြပါ။ ဒါကို အင်မတန် အားပေးချင်ပါတယ်" ဟု ပြောကြားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဖော်ပြပါ လမ်းညွှန်မှာကြားချက်မှာ ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်နှင့်အညီ ထင်ဟပ်ပေါ်လွင်နေသည်။ မျက်မှောက်ကာလ ဆရာ ဆရာမများမှာ အားနည်းခဲ့သော ပညာရေးစနစ်မှ ဖြတ်သန်းလာခဲ့ရသောကြောင့် ယနေ့ခေတ်ကာလနှင့် ဆီလျော်သည့် အရည်အသွေး၊ အရည်အချင်းများ လိုအပ်မှုရှိသည်မှာ အမှန်ဖြစ်၍ အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ ယင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အားပေးခဲ့ပြီး လက်ရှိကာလတွင်လည်း ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးကို ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်မှသာလျှင် ယနေ့သင်ကြားပေးလိုက်သော တပည့်ကျောင်းသား ကျောင်းသူများအတွက် အနာဂတ်တွင် အခွင့်အလမ်းကောင်းများ ရရှိပြီး မိမိတို့နိုင်ငံတော်ကိုလည်း မြှင့်တင်ပေးရာရောက်ပေလိမ့်မည်။ မည်သည့်အရာတွင်မဆို အစကောင်းမှ အနှောင်းသေချာမည် ဆိုသကဲ့သို့ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများပေါ်ထွန်းရေး၊ အနာဂတ်အတွက် အဆင့်မြင့်မားသော လူသားအရင်းအမြစ်များ ဖြစ်စေရေးအတွက် အခြေခံပညာမှစတင်၍ ပြုပြင်ပြောင်းလဲသင်ကြားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မူလတန်းမှ အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်များကြောင့် လူငယ် လူရွယ်များ၏အနာဂတ်ကို ခိုင်ခိုင်မာမာ စိုက်ထူပေးသည့် ဆရာများအဖြစ် ဂုဏ်ယူကြရမည်ဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်၊ ကလေးငယ်များ၏အနာဂတ်အတွက် အခြေခံအုတ်မြစ်ကို ခိုင်မာစွာစိုက်ထူပေးနိုင်သူများအဖြစ် ရိုသေလေးစားတန်ဖိုးထားပြီး သမိုင်းမှတ်တိုင် စိုက်ထူနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်လူငယ်များအတွက် အခွင့်အလမ်းကောင်းများ ရရှိရေး၊ အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြစ်ထွန်းရေး၊ နိုင်ငံ့အရည်အချင်းမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားချက်နှင့်အညီ ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်ပါအတိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

## ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်တွင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်တွင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ အခွန်နှုန်းထားပြင်ဆင်သတ်မှတ်ခြင်း၊ စကားရပ်များ ဖြည့်စွက်၊ ပြင်ဆင်၊ ပြောင်းလဲခြင်းနှင့် ယင်းဥပဒေ၏ အကျိုးသက်ရောက်မည့်ကာလ သတ်မှတ်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ပြည်တွင်းသတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

## ဖျာပုံ၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပမည်

**ဖျာပုံ အောက်တိုဘာ ၄**

လူငယ်များအတွက် ရည်ရွယ်ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် "လူငယ်နှင့် ခေတ်ပြိုင်စိန်ခေါ်မှုများ"ခေါင်းစဉ်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦး၊ မြို့နယ်ပညာရေးမှူး ဦးတိုးဝင်း၊ ဖျာပုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ လုပ်ငန်းရှင် ဦးသိန်းထွန်းနှင့် သတင်းထောက်သူဇာနွယ်(ဖျာပုံ)တို့က လူငယ်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ဖျာပုံမြို့ပေါ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က လူငယ်နှင့် စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပထမအကြိမ်အဖြစ် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၌ ကျင်းပခဲ့ရာ လူငယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ယခုကျင်းပမည့် ဆွေးနွေးပွဲသို့လည်း စိတ်ပါဝင်စားသည့် လူငယ်များအပါအဝင် မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၄**

ရန်ကုန်(ရွှေဈေး) ၉၇၇၀၀၀ - ၉၇၇၀၀၀    မန္တလေး(ရွှေဈေး) ၉၇၇၀၀၀ - ၉၇၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၄၅/၁၀၉၀ ကျပ်၊ | ၁၁၂၀/၁၁၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၆၅/၁၁၀၅ ကျပ်၊ | ၁၁၆၅/၁၁၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၁၅/၁၀၅၅ ကျပ်၊ | ၁၁၂၀/၁၁၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၅၅/၁၁၀၀ ကျပ်၊ | ၁၁၃၀/၁၁၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၇၀/၁၀၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၃၅/၁၀၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၀. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၀. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆. ၅၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅. ၇၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၂၆. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၆. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၈. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၂၇

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့ တက်ရောက်ကြသည်။

ဧည့်ခံပွဲအခမ်းအနားတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် Colonel Mr. Hwang Sandeok တို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကိုရီးယား-မြန်မာ အနုပညာရှင်များ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများကို ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ပညာရေးပူးပေါင်းဆောင်ရွက်မှုမှ ဒေသအကျိုး၊ နိုင်ငံအကျိုးအထောက်အကူပြု အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုဖော်ဆောင်နိုင်မည်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးနည်းပညာတက္ကသိုလ်၏ ပထမအကြိမ် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲ၊ သိပ္ပံ၊ သုတေသနနှင့် အင်ဂျင်နီယာ နည်းပညာပြပွဲ၊ နောက်ဆုံးနှစ်အင်ဂျင်နီယာ၊ ဗိသုကာ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူ သုတေသနပိုစတာပြပွဲ၊မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဒေသတွင်းနည်းပညာတက္ကသိုလ်များအကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးပွဲနှင့် တက္ကသိုလ်မုခ်ဦးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက မန္တလေးနည်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးနည်းပညာတက္ကသိုလ်သည် အထက်မြန်မာပြည် အင်ဂျင်နီယာ၊ နည်းပညာဘွဲ့ရကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနေသော ဒုတိယမြောက် အင်ဂျင်နီယာတက္ကသိုလ်ကြီးအဖြစ် ထင်ရှားပါကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍရှိ တက္ကသိုလ်များသည် သုတေသနအခြေပြု တက္ကသိုလ်ကြီးများအဖြစ် ရပ်တည်သွားမည်ဖြစ်ရာ ယနေ့စာတမ်းဖတ်ပွဲကို ကြိုဆိုပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် နိုင်ငံတကာတက္ကသိုလ်များမှ စာတမ်းပေါင်း ၄၀ နှင့် ပြည်တွင်းစာတမ်းရှင် ၆၀ စုစုပေါင်းစာတမ်းပေါင်း ၁၀၀ ခန့် ဖတ်ကြားနိုင်ခြင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

တက္ကသိုလ်များအကြား ဒေသတွင်းနည်းပညာတက္ကသိုလ်အချင်းချင်း ပညာရေး ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ အင်ဂျင်နီယာပညာရေးဆိုင်ရာ သင်ကြားသင်ယူမှု၊ လေ့ကျင့်မှုလုပ်ငန်းများတွင် အရည်အသွေးမြင့်မားကာ အခွင့်အလမ်းများ ပိုမိုဖန်တီးပေးလာနိုင်မည်ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကိုလည်း ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်စေသလို ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသအကျိုး၊ နိုင်ငံအကျိုးအထောက်အကူပြု အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ စုပေါင်းအလှူဒါနဖြင့် ဆောင်ရွက်နိုင်ခဲ့သော မန္တလေးနည်းပညာတက္ကသိုလ် မုခ်ဦးသစ် ဖွင့်လှစ်နိုင်မှုအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာညီလှငယ်၊ မန္တလေးနည်းပညာတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာသိန်းတန်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် MIT MTU Alumni Association က မုခ်ဦးတည်ဆောက်ခြင်းအတွက် အမှတ်တရစကားပြောကြားသည်။

ယင်းနောက် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ပြခန်းများနှင့် ပိုစတာပြပွဲအား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားဒုတိယပိုင်းအစီအစဉ် မုခ်ဦးသစ်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာညီလှငယ်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်၊ မန္တလေးနည်းပညာတက္ကသိုလ်(မန္တလေးစက်မှုတက္ကသိုလ်) အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာသိန်းတန်၊ မန္တလေးနည်းပညာတက္ကသိုလ်(မန္တလေးစက်မှုတက္ကသိုလ်) အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်၊ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးအဖွဲ့မှ ဦးပွါ၊ မန်းမြင့်မိုရ်ကုမ္ပဏီမှ ဦးခင်မောင်ဌေး၊ Chindwin College မှ ဦးလင်း၊ MIT MTU Alumni Association မှ တာဝန်ရှိသူများနှင့် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ဗီဇာဖြေလျှော့ပေးမှုကြောင့် မန္တလေးသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိလာ

**မန္တလေး အောက်တိုဘာ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၁ ရက်မှ စတင်ခွင့်ပြုလိုက်သည့် ဗီဇာဖြေလျှော့ပေးမှု အစီအစဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သုံးရက်အတွင်း အာရှနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွား ၁၆၀ ကျော် ဝင်ရောက်လာကြောင်း မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

"မန္တလေးလေဆိပ်ကို နိုင်ငံတကာလေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းပေးနေတဲ့အတွက် နေ့စဉ်လေကြောင်းလိုင်း သုံးလိုင်း သို့မဟုတ် လေးလိုင်းနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ ဝင်ရောက်နေပါတယ်။ အခု အောက်တိုဘာ ၁ ရက်ကနေ ၃ ရက်အထိ နိုင်ငံခြားသား ၁၆၀၀ ကျော် ဝင်ရောက်တဲ့အနက် ဗီဇာဖြေလျှော့မှုကြောင့် ဝင်လာတဲ့အရေအတွက်က ၁၆၈ ဦး ရှိနေပါပြီ။ ဝင်ရောက်မှုအနေနဲ့ကတော့ တရုတ်ခရီးသွားတွေများပါတယ်" ဟု အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောတင့်လွင်က ပြောသည်။

ဗီဇာဖြေလျှော့မှုအစီအစဉ်အနေဖြင့် အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် မကာအိုနိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ကမ္ဘာလှည့်ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် လေကြောင်းလိုင်းဖြင့် လာရောက်လည်ပတ်သည့် တရုတ်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာ(Visa on Arrival)စနစ်ဖြင့် ဝင်ရောက်ခွင့်ပြုခြင်းဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ သုံးရက်အတွင်း ဆိုက်ရောက်ဗီဇာဖြင့် တရုတ်နိုင်ငံသား ၁၃၆ ဦး၊ ဗီဇာကင်းလွတ်ခွင့်ဖြင့် တောင်ကိုရီးယား နိုင်ငံသား ၂၃ ဦး၊ ဂျပန်နိုင်ငံသား ရှစ်ဦးနှင့် မကာအိုနိုင်ငံသား တစ်ဦးတို့ ဝင်ရောက်လာကြောင်း သိရသည်။

ဗီဇာဖြေလျှော့မှုဖြင့် ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ ကောက်ခံ၍ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး လုံခြုံရေးအရ သတ်မှတ်ထားသည့်နေရာများမှအပ သွားလာလည်ပတ်ခွင့်ရှိပြီး ဗီဇာသက်တမ်းကို ထပ်မံတိုးပေးမည်မဟုတ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းဝင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူတို့က ဖမ်းဆီးရမိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးကြစဉ်။

☆ **ရွှေဖုံးမှ**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယနေ့ မီးရှို့ဖျက်ဆီးသည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းများနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများသည် နှစ်စဉ် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် အမဲလိုက်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းများမှ သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများအနက် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ စုစည်းထိန်းသိမ်းထားရှိသည့်အထဲမှ ခွဲခြားထုတ်နုတ်ပြီး ပထမဆုံးအကြိမ်အဖြစ် မီးရှို့ဖျက်ဆီးမှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုကဲ့သို့ ဖမ်းဆီးရမိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က "ဒီလိုမျိုး တစ်နေ့ထက် တစ်နေ့ တိုးတက်များပြားလာတဲ့ တရားမဝင် အမဲလိုက် သတ်ဖြတ်နေမှုတွေ၊ ရောင်းဝယ် ဖောက်ကားနေမှုတွေကို ဥပဒေအရ ထိရောက်စွာ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေ ပိုမိုသိရှိနားလည်ပြီး ပါဝင်လာအောင် အသိပေးခြင်းဖြစ်ပါတယ်။ တောဆင်ရိုင်းတွေနဲ့ ရှားပါးတောရိုင်းတိရစ္ဆာန်တွေ နှစ်အလိုက် တိုးတက်များပြားစွာ အသတ်ခံနေရတာနဲ့ သတ်ဖြတ်ပြီး ကူးသန်းရောင်းဝယ်နေတာကို သတိပြုမိလာစေဖို့၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက ပူးပေါင်းတားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို သိရှိစေဖို့ အခုလို မီးရှို့ဖျက်ဆီးခြင်းပြုလုပ်ရခြင်းပဲ ဖြစ်ပါတယ်။ ဗြိတိန်၊ အမေရိကန်၊ တရုတ် အပါအဝင် နိုင်ငံတကာမှာလည်း အခုလို ဖမ်းဆီးရမိတဲ့ ဆင်စွယ်တွေကို မီးရှို့ဖျက်ဆီးတာ၊ ကြိတ်ခွဲဖျက်ဆီးတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုပြုလုပ်ခြင်းက တစ်နည်းအားဖြင့် တောဆင်ရိုင်းတွေ အပါအဝင် အခြားတောရိုင်းတိရစ္ဆာန်တွေဟာ ကမ္ဘာနဲ့တစ်ဝန်း တရားမဝင်ကူးသန်းရောင်းဝယ်မှုတွေကြောင့် နေ့စဉ်နဲ့အမျှ သတ်ဖြတ်ခံနေရတယ်ဆိုတာ အသိပေးကြေညာမှုပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**၂၀၀၀ ခန့်သာကျန်ရှိ**

မြန်မာနိုင်ငံတွင် ကျန်ရှိကျက်စားနေသည့် တောဆင်ရိုင်းကောင်ရေသည် ခန့်မှန်းအားဖြင့် ၂၀၀၀ ခန့်သာကျန်ရှိပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ စာရင်းများအရ တောဆင်ရိုင်း ၁၀၈ ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများအား နိုင်ငံဖြတ်ကျော် တရားမဝင်ကူးသန်းရောင်းဝယ်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ သက်ဆိုင်ရာအစိုးရဌာနများဖြင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း တရားမဝင်သတ်ဖြတ် ဖမ်းဆီးရမိသည့် အမှုပေါင်း ၁၄၀ နှင့် တရားခံ ၂၈၄ ဦးတို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"၂၀၁၀ ပြည့်နှစ်မှာ ဆင်သတ်ခံရမှုက တစ်မှုသာရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှ စတင်ပြီးတော့ ဆင်သတ်ဖြတ်မှုတွေ ပိုမိုများပြားလာပြီးတော့ ၁၄ မှုအထိ တိုးလာပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ၅၉ ကောင်အထိ အသတ်ခံရပြီး အများဆုံးနှစ်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ၁၅ ကောင် အသတ်ခံရပြီး ပြန်လည်လျော့နည်းကျဆင်းလာပါတယ်" ဟု တောဆင်ရိုင်းသတ်ဖြတ်ခံရမှု အခြေအနေအပေါ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောကြားသည်။

**အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရှိ**

တောဆင်ရိုင်းများအပြင် အခြားသောတောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ကာ တရားမဝင် ကူးသန်းရောင်းဝယ်မှုအခြေအနေအပေါ်တွင်လည်း ၎င်းက "တောရိုင်းတိရစ္ဆာန်တွေကို အရှင်ဖြစ်စေ၊ သတ်ဖြတ်ပြီး အစိတ်အပိုင်းတွေကိုဖြစ်စေ တရားမဝင် ကူးသန်းရောင်းဝယ်မှုတွေကို တိုးတက်လုပ်ဆောင်လာမှုတွေကြောင့် နှစ်စဉ် ဖမ်းဆီးရမိမှုတွေလည်း အများအပြားရှိနေပါတယ်။ ခန့်မှန်းတန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ သုံးသန်းခန့်ရှိပါတယ်။ အများဆုံး ကူးသန်းရောင်းဝယ်နေတဲ့ တောရိုင်းတိရစ္ဆာန်တွေကတော့ ကျား၊ ဆင်၊ ဝက်ဝံ၊ သင်းခွေချပ်၊ လိပ်နဲ့ မြွေမျိုးစုံဖြစ်ပါတယ်။ ဒါတွေကို ပြည်ပနိုင်ငံဈေးကွက်တွေကိုလည်း နည်းလမ်းပေါင်းစုံ အသုံးပြုတင်ပို့နေတာကို တွေ့ရှိရပါတယ်"ဟု ပြောသည်။

ထိုကဲ့သို့ တောဆင်ရိုင်းများ အပါအဝင် တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ကူးသန်းရောင်းဝယ်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရှင်မင်းမွေး၊**
**ဓာတ်ပုံ-အေးသန်း**



ဖမ်းဆီးရမိခဲ့သည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများအား မီးရှို့မဖျက်ဆီးမီ တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၄**

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးတာဝန်သည် ကျယ်ပြန့်ကြီးမားသည့် လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့်အတွက် ဒေသနေပြည်သူများနှင့် သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး တညီတညွတ်တည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ကုန်ထုတ်လမ်းများ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများနှင့် လူထုစွမ်းဆောင်ရည်တိုးပွားစေမည့် မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက မိမိတို့ဒေသအသီးသီးရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရသည့် လုပ်ငန်းတစ်ခုဖြစ်ရာ သက်ဆိုင်သည့် ဌာနများ၏ "ပူးပေါင်းဆောင်ရွက်မှုအား" ရယူဆောင်ရွက်ပြီး စိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒအပိုင်းများ ကျွမ်းကျင်မှုရှိရုံမျှမက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် အဂတိတရားကင်းစင်သော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မျိုးဆက်သစ်များအတွက် စံနမူနာကောင်းများ ထားရှိနိုင်ရေးကို အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအမှတ်စဉ် (၂/၂၀၁၈)၏ သင်ကြားပို့ချနေမှုများကို ကြည့်ရှုပြီး သင်တန်းတွင် လေ့လာသင်ယူနေကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသူ သင်တန်းသားများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေးရှင်းလင်းတင်ပြပွဲ ကျင်းပ




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေးရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၄**

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေး ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ပြင်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပူးတွဲပုံနှိပ်ကြမည်ဖြစ်ရာ ကုန်ကြမ်းပစ္စည်းဝယ်ယူတင်သွင်းမှု တင်ဒါလုပ်ငန်းစဉ်မှစ၍ ဝန်ကြီးဌာနနှစ်ခုတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုတွင် JICA ၏ CREATE အဖွဲ့က ကျောင်းသုံးစာအုပ်များအတွက် လိုအပ်သည့် အရည်အသွေးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပေးမည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency - JICA) ၏ မြန်မာနိုင်ငံ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးစီမံကိန်း (Curriculum Reform at Primary Level of Basic Education-CREATE) မှ Project Coordinator မစ္စ ဟီကာရီမီယာဟာရာက JICA ၏ လုပ်ငန်းစဉ်နှင့် CREATE စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ CREATE Project ပုံနှိပ်နည်းပညာဆိုင်ရာပညာရှင် မစ္စတာ ဖူမီတာကာဆာတိုက ကျောင်းသုံးစာအုပ်ထုတ်လုပ်ရေးဆိုင်ရာ ပုံနှိပ်အရည်အသွေး၊ စာအုပ်ခိုင်ခံ့မှု၊ စာသင်ကျောင်းများတွင် လေ့လာတွေ့ရှိမှု၊ စက္ကူနှင့် မင်အရည်အသွေးနှင့် အရည်အသွေးစစ်ဆေးမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောင်းသုံးစာအုပ်ဆိုင်ရာ အရည်အသွေးတွင် ပုံနှိပ်စက်များ၏ အရည်အသွေးမှာ အဓိကကျသဖြင့် ၎င်းအခြေအနေကိုလည်း ဆွေးနွေးပေးရန် လိုအပ်ပါကြောင်း ပါဝင်ဆွေးနွေးရာ CREATE မှ တာဝန်ရှိသူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်မှု အခြေအနေနှင့် ပုံနှိပ်လုပ်ငန်းလုပ်ဆောင်သူများကိုလည်း နည်းပညာဆိုင်ရာများ ရှင်းလင်းမျှဝေပေးသင့်ကြောင်း ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေရေးလုပ်ငန်းရှင်များအသင်း (MPPA) မှ အသင်းဝင်များက လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့ကလည်းကောင်း အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးစီမံချက် (CREATE) ကို ပညာရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မေလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံချက်ကာလမှာ ၂၀၂၁ ခုနှစ် မတ်လအထိ ဖြစ်သည်။

ယင်းစီမံချက်သည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CRSR) မှ တွေ့ရှိချက်ရလဒ်များအပေါ် အခြေခံ၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် မူလတန်းသင်ရိုးသစ် ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ ပြုပြင်ရေးဆွဲပြုစုမှုလုပ်ငန်းတွင် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။ စီမံချက်အရ ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များ ပုံနှိပ်လုပ်ငန်းအပေါ် သုံးသပ်ဆွေးနွေးတင်ပြရန်နှင့် ပုံနှိပ်အရည်အသွေးထိန်းချုပ်ခြင်းဆိုင်ရာ နည်းပညာအချက်အလက်များ မျှဝေပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆)ကြိမ်မြောက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

(၆)ကြိမ်မြောက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်ဝင်နိုင်ငံများ ညီလာခံကို မလေးရှားနိုင်ငံ ပူတရာဂျာယာမြို့၌ အောက်တိုဘာ ၄ ရက်တွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




အဆိုပါ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ညီလာခံတွင် မြန်မာနိုင်ငံမှ အိမ်ရှင်မလေးရှားနိုင်ငံနှင့် အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒေသတွင်း သဘာဝဘေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၏ မူဝါဒပိုင်းဆိုင်ရာ ကတိကဝတ်ပြုမှုများ၊ ၂၀၁၈ ခုနှစ် ဝန်ကြီးများအဆင့်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးအတွက် နိုင်ငံအသီးသီးမှ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေတိုးပွားရေး၊ ဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးနှင့် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများ၊ အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်တိုးမြှင့်ရေးအတွက် လုပ်ဆောင်မှုများ၊ နိုင်ငံအလိုက်တွင်သာမက ဒေသတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများတွင်ပါ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းအားဖြင့် ဘေးအန္တရာယ်ကျရောက်ချိန်များတွင် လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အစီအစဉ်များကို ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် YAB Tun Dr. Mahathir Mohamad နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အစည်းအဝေးတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် YAB Dato' Seri Wan Azizah Dr. Wan Ismail က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ AHA Centre အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အာဆီယံနိုင်ငံများမှ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်အတွက် အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် မလေးရှားနိုင်ငံနှင့်အတူ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် (၇) ကြိမ်မြောက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် (၈)ကြိမ်မြောက် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်ဝင်နိုင်ငံများ ညီလာခံတို့ကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးဆိပ်ကမ်းတည်ဆောက်ရန် ရေအရင်းအမြစ်နှင့် JICA တို့ စာချုပ်လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၄**

ဂျပန်အကူအညီဖြင့် ဆောင်ရွက်မည့် မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR) နှင့် JICA တို့အကြား Grant Agreement လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရေအရင်းအမြစ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ JICA Myanmar Office မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်ဖက်တာဝန်ရှိသူများက စာချုပ်လက်မှတ်ရေးထိုးကြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီဆိပ်ကမ်းကို JICA ရဲ့ Guidelines များ၊ ECD ရဲ့ Proceduers များနဲ့ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဆိပ်ကမ်းက မန္တလေးဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်ပဲအရေးပါလို့ အကျိုးရှိရှိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကို ကူညီပေးတဲ့ ဂျပန်ပြည်သူတွေနဲ့ JICA ကို နိုင်ငံတော်ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါလေ့လာဆန်းစစ်ချက်အရ မန္တလေးဆိပ်ကမ်း ဂေါဝိန်ချော်ဆိပ်နေရာနှင့် ရွှေလှံဗိုလ်ကျောင်းတိုက် အနီးနေရာတို့တွင် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ရွှေလှံဗိုလ်ကျောင်းတိုက်အနီးနေရာတွင် ဆိပ်ကမ်းတည်ဆောက်ရန် ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

ယင်းဆိပ်ကမ်းတည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ် ဧပြီလတွင် JICA သို့ Grant Aids အကူအညီ တောင်းခံရန်တင်ပြခဲ့ပြီး JICAနှင့် ညှိနှိုင်းဆောင်ရွက်ကာ ယနေ့လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဆိပ်ကမ်းတည်ဆောက်ရေးအတွက် စုစုပေါင်း ဂျပန်ယန်း ၆၀၃၄ သန်း ရရှိထားပြီး လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ စီမံကိန်းနှင့်ဆက်စပ်နေသော မြေယာလျော်ကြေးပေးခြင်းကို နှစ်ပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဆိပ်ကမ်းတည်ဆောက်ရာတွင် ဆိပ်ကမ်းကြီးကြပ်မှုရုံး အလုပ်ရုံ၊ သင်္ဘောပေါ်မှ ကွန်တိန်နာများတင်ချရန် ရွေ့လျားကရိန်းနှစ်စင်း၊ preaders များ၊ လုံခြုံရေးအဆောက်အအုံများ ပါရှိမည်ဖြစ်သည့်အပြင် ဆိပ်ကမ်းအလျား ၁၈၀ မီတာနှင့် ချဉ်းကပ်လမ်း ၃၀၄ မီတာရှိ ဆိပ်ကမ်း ကွန်တိန်နာများထားရှိရန် ၈၅၅၀ စတုရန်းမီတာရှိ Container Yard နှင့် ကွန်တိန်နာလမ်း သုံးခုတို့ပါရှိကာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားကြောင်း သိရသည်။

**မြင့်မောင်စိုး**

# နိုင်ငံခြားငွေလဲလှယ်နှုန်း ပြဿနာ

■ သက်ဇင်မိုး

### နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုသည်မှာ

နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုသည်မှာ အခြားနိုင်ငံသုံးငွေကြေးနှင့် လဲလှယ်နိုင်သည့် နိုင်ငံသုံးငွေ၏ဈေးနှုန်းဖြစ်သည်။ အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ် မည်မျှရှိသည်၊ ယူရိုငွေ တစ်ယူရိုလျှင် မြန်မာကျပ်မည်မျှရှိသည် စသည်ဖြင့် ဖော်ပြကြသည်။ ၎င်းကို တိုက်ရိုက်လဲလှယ်နိုင်သည့်နှုန်းဟု ခေါ်ပါသည်။ သွယ်ဝိုက်လဲလှယ်နှုန်းမှာ နိုင်ငံသုံးငွေ တစ်ယူနစ်လျှင် အခြားနိုင်ငံသုံးငွေမည်မျှရှိသည်ကို ဖော်ပြခြင်းဖြစ်သည်။ မြန်မာကျပ်ငွေ တစ်ကျပ်လျှင် သို့မဟုတ် ၁၀၀ ကျပ်လျှင် အမေရိကန်ဒေါ်လာမည်မျှ၊ ယူရိုမည်မျှ၊ ထိုင်းဘတ်မည်မျှစသည်ဖြင့် ဖော်ပြပါသည်။ အမေရိကန်ဒေါ်လာသည် ကမ္ဘာသုံးငွေကြေးသဖွယ်ဖြစ်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများကို ဖော်ပြရာတွင် အမေရိကန်ဒေါ်လာကို များသောအားဖြင့် အခြေခံကြသည်။

### နှုန်းရှင်နှုန်း၊ ပုံသေနှုန်း

နိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ရာတွင် နှုန်းရှင်နှုန်း (Floating Exchange Rate) သတ်မှတ်ခြင်း၊ ပုံသေနှုန်း (Fixed Exchange Rate) သတ်မှတ်ခြင်း ဟူ၍ရှိသည်။ နှုန်းရှင်နှုန်းမှာ ဈေးကွက်က ဆုံးဖြတ်သော နှုန်းကိုလိုက်၍ သတ်မှတ်ခြင်းဖြစ်ပြီး ပုံသေနှုန်းမှာ သတ်မှတ်ခွင့်ရှိသည့် အဖွဲ့အစည်းက သတ်မှတ်သောနှုန်းဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျများပြားမှုကို ကာကွယ်ရန် အချို့နိုင်ငံများက ပုံသေနှုန်းသတ်မှတ်လေ့ရှိကြသည်။ ၎င်းကို Official exchange rate ဟုလည်း ခေါ်ကြပါသည်။ နှုန်းရှင်နှုန်းသတ်မှတ်ရာတွင်လည်း ထိန်းကျောင်းမှုရှိခြင်း (Managed Floating) နှင့် နှုန်းရှင်မျှောခြင်း (Free Floating )ဟူ၍ တွေ့နိုင်သည်။

### မြန်မာ့နိုင်ငံခြားငွေလဲလှယ်နှုန်း

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်မှာ ၂၀၁၂ ခုနှစ်မတိုင်မီအထိ ပုံသေနှုန်းဖြစ်သည်။ ထိုစဉ်က အမေရိကန် တစ်ဒေါ်လာလျှင် ခြောက်ကျပ် ပတ်ဝန်းကျင်သာရှိပြီး ပြင်ပဈေးမှာ အဆများစွာကွာလေသည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို နှုန်းရှင်စနစ်သို့ စတင်ပြောင်းလဲခဲ့ရာ ထိုအချိန်က ပြင်ပဈေးမှာ အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၈၀၀ ခန့် ဖြစ်လေသည်။ ဈေးကွက်ဈေးနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် စတင်ပြောင်းလဲသည့်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၈၁၈ ကျပ်နှုန်း သတ်မှတ်ခဲ့ပြီး ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်စနစ်(Managed Floating Exchange Rate Regime) ကို ကျင့်သုံးခဲ့ပါသည်။

ထိုအချိန်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစီးသော နိုင်ငံခြားငွေလဲလှယ်နှုန်း ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် နိုင်ငံခြားငွေလဲလှယ်သည့် ကောင်တာများဖွင့်လှစ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း စသည်တို့ကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေလဲလှယ်လိုသူများကို သတ်မှတ်ချက်များနှင့်အညီ ဈေးကွက်နှုန်းဖြင့် လဲလှယ်ပေးခဲ့ပါသည်။ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence)ရှိသော ဘဏ်များက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲတွင် ကျင်းပသော နေ့စဉ်ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်မှုကို ပါဝင်ဆောင်ရွက်ကြပြီး ဗဟိုဘဏ်က နေ့စဉ်ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate (သို့) Quoted Rate) သတ်မှတ်ကြေညာပေး၍ ဘဏ်များက အဆိုပါနှုန်းကို အခြေခံပြီး ဝယ်ယူမှုကို သုည ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့၍လည်းကောင်း၊ ရောင်းချမှုကို သုည ဒသမ ၈ ရာခိုင်နှုန်းအထိတိုး၍လည်းကောင်း ဈေးကွက်စနစ်နှင့်အညီ သတ်မှတ်ရောင်းဝယ်ကြပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက် စတင်ပြောင်းလဲချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေမှာ အမေရိကန် ၁ ဒေါ်လာလျှင် ၈၁၈ ကျပ် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ၈၆၄ ကျပ်ခန့်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ၉၇၃ ကျပ်ခန့်၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ၉၈၀ ကျပ်ခန့်၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ၁၂၉၁ ကျပ်ခန့်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ၁၂၃၅ ကျပ်ခန့်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ၁၃၅၇ ကျပ်ခန့်၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ၁၅၇၈ ကျပ်ခန့်အထိ ရောက်ရှိလာလေသည်။ ထိုပြောင်းလဲမှုအခြေအနေသည် နိုင်ငံခြားငွေနှင့် လဲလှယ်ရာတွင် မြန်မာငွေ တန်ဖိုးခိုင်မာမှု အားပျော့သည့် အခြေအနေကို ပြသနေသည့် ညွှန်းကိန်းများပင်ဖြစ်သည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ငွေတန်ဖိုး

နိုင်ငံခြားငွေလဲလှယ်နှုန်းသည် နိုင်ငံသုံးငွေကြေးတန်ဖိုးကို ပြသည်ဖြစ်ရာ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်မှုများလျှင် ငွေတန်ဖိုးကျဆင်းနေပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းမှုများလျှင် ငွေတန်ဖိုးမြင့်တက်သည်ဟု မှတ်ယူနိုင်ပါသည်။ တစ်နည်းအားဖြင့် ငွေတန်ဖိုးခိုင်မာသည်၊ အားကောင်းသည် သို့မဟုတ် မခိုင်မာ၊ အားနည်းသည်ဟု ဆိုကြသည်။ ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းအနေအထားအရ မြန်မာငွေတန်ဖိုး ကျဆင်းမှု၊ အားပျော့မှုမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများကလည်း နည်းလမ်းမျိုးစုံ စဉ်းစားသုံးသပ် အဖြေရှာ၍ ဖြေရှင်းနိုင်ရန် ကြိုးပမ်းသည်။ ကြိုးပမ်းနေသည့်ကြားမှ တည်ငြိမ်မှုရမသွားဘဲ ထပ်ဆင့်ထပ်ဆင့် မြင့်တက်မှုကို တွေ့ရသည်။ မည်သို့ကြောင့်ပါနည်း။

### မြန်မာငွေတန်ဖိုးကျဆင်းမှု

အမေရိကန် တစ်ဒေါ်လာ၏ဈေးနှုန်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ၁၂၉၁ ကျပ်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ၁၂၃၅ ကျပ်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ၁၃၅၇ ကျပ်၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ၁၅၇၈ ကျပ် တို့ဖြစ်ရာ အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်မှု အခြေအနေအရ ပို့ကုန်လုပ်ငန်းရှင်များ တွက်ခြေကိုက်ပြီး သွင်းကုန်လုပ်ငန်းရှင်များ တွက်ခြေမကိုက်။ ထိုမှတစ်ဆင့် ပြည်တွင်းကုန်ဈေးနှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် သက်ရောက်မှုရှိသည်။ နောက်ဆုံးတွင် မေခရိုစီးပွားရေးတည်ငြိမ်မှုကို ထိခိုက်ပြီးစဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်လေသည်။

### မြန်မာကျပ်ငွေတန်ဖိုး တကယ်ကျသလား

ဤမေးခွန်းကို ဖြေနိုင်ရန် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ပြဋ္ဌာန်းသော အကြောင်းများကို လေ့လာကြည့်ရန် လိုပါမည်။ အခြေခံအကျဆုံးအချက်မှာ ဈေးကွက်အခြေအနေအရ ပြဋ္ဌာန်းသည့်နှုန်းဖြစ်သဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အဓိက မူတည်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအားမျှနေလျှင် ဈေးတည်ငြိမ်သည်။ ဝယ်လိုအား များပြားပြီး ရောင်းလိုအားနည်းပါးနေလျှင် နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်သည်။ ကျပ်ငွေတန်ဖိုးကျသည်။ ရောင်းလိုအားများပြားပြီး ဝယ်လိုအား နည်းပါးနေလျှင် နိုင်ငံခြားငွေဈေးနှုန်း ကျဆင်းမည်။ ကျပ်ငွေတန်ဖိုးမြင့်သည်။ ဤနေရာတွင် ကျပ်ငွေတန်ဖိုးကျသည်ဟုဆိုခြင်းမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင်တန်ဖိုးကျသည်ဟု ဆိုလိုသည်။ အားပျော့သည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားကို ထိန်းညှိပေးနိုင်လျှင် တည်ငြိမ်မှုရရှိနိုင်လေသည်။ ဤနေရာတွင် အထူးသတိပြုရမည်မှာ မည်သည့်ဈေးနှုန်းသည် အမှန်အခြေအနေနှင့် အနီးစပ်ဆုံးဖြစ်သလဲဆိုသည်ကို သိရှိနိုင်ရန် ဖြစ်သည်။ အဆိုပါမေးခွန်းအတွက် ရှုထောင့်အမျိုးမျိုးမှ အဖြေအမျိုးမျိုး ထွက်နိုင်လေသည်။ ယခုအခြေအနေတွင် အမေရိကန်ဒေါ်လာနှင့်သော်လည်းကောင်း၊ ၎င်းကို အခြေခံ၍ ချိတ်ဆက်ထားရသဖြင့် အခြားငွေကြေးများနှင့်သော်လည်းကောင်း နှိုင်းယှဉ်ပါက မြန်မာငွေ များစွာတန်ဖိုးကျဆင်းနေသည်မှာ အမှန်ဖြစ်သည်။ အမေရိကန် တစ်ဒေါ်လာရရှိရန် ၁၅၀၀ ကျပ် ပေးသင့်ရဲ့လား၊ ၁၆၀၀ ကျပ် ပေးသင့်ရဲ့လား သုံးသပ်ရမည်ဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကို ပြဋ္ဌာန်းသည့် အခြားသောအချက်များမှာ နိုင်ငံခြားငွေပေး၊ ငွေယူရှင်းတမ်း (အထူးသဖြင့် ပို့ကုန်၊ သွင်းကုန်)၊ အတိုးနှုန်းအဆင့်၊ ငွေဖောင်းပွမှုနှုန်း၊ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ အစိုးရ၏ပါဝင်စွက်ဖက်မှု၊ ဈေးအတက်၊ အကျ မျှော်မှန်းချက်အရ ဝယ်လိုခြင်း၊ ရောင်းလိုခြင်း၊ တိုင်းပြည်၏စီးပွားရေး အင်အားတောင့်တင်းမှု စသည့်အချက်များဖြစ်သည်။

မြန်မာငွေတန်ဖိုးကျဆင်းမှုသည် ပြည်ပအကြောင်းအချက်များဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အမေရိကန် ဒေါ်လာတန်ဖိုး ခိုင်မာအားကောင်းနေမှုနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ ဂယက်ရိုက်ခတ်မှုတို့ကြောင့်ဖြစ်ရသလို ပြည်တွင်းအကြောင်းအချက်များဖြစ်သည့် ကုန်သွယ်ရေးလိုငွေပြမှု၊ စီးပွားရေးအခြေခံများ အားနည်းမှုတို့ကြောင့်လည်း ဖြစ်ရသည်။ အခြားနိုင်ငံသုံးငွေကြေးများသည်လည်း မြန်မာငွေကဲ့သို့တန်ဖိုးကျသော်လည်း မြန်မာငွေလောက်မကျပေ။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပအကြောင်းအချက်များ အပြင် ဈေးကစားမှုကြောင့် ကျဆင်းရခြင်း ဖြစ်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

### ငွေကြေး၏ ဝယ်ယူနိုင်စွမ်း

သာမန်လူအနေဖြင့်စဉ်းစားလျှင် အမေရိကန် တစ်ဒေါ်လာအတွက် ၁၆၀၀ ကျပ်ပေးမှ ရမည်ဆိုလျှင် ၁၆၀၀ ကျပ်၏ဝယ်နိုင်စွမ်း အားလုံးတွင် ကျဆင်းမှုသာ ကျဆင်းမှုအမှန်ဖြစ်ပေမည်။ဤသည်ကို ငွေကြေး၏ ဝယ်ယူနိုင်စွမ်း (purchasing power of currency) ဟုခေါ်သည်။ တစ်နည်းအားဖြင့် အမှန်နိုင်ငံခြားငွေလဲလှယ်နှုန်း(Real Exchange Rate) ဖြစ်သည်။ ၁၆၀၀ ကျပ်ဆိုသည်မှာ အမှန်နိုင်ငံခြားငွေလဲလှယ်နှုန်း မဟုတ်ပေ။ ၎င်းသည် norminal exchange rate ဖြစ်သည်။ ပြည်ပကုန်သွယ်မှုပြုလုပ်ရာတွင်ဖြစ်စေ၊ နိုင်ငံခြားငွေလဲလှယ်ရာတွင်ဖြစ်စေ norminal exchangerate ကို သုံးရမည်ဖြစ်သည်။ ကုန်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများတွင် ပြည်တွင်းငွေဖြင့် သုံးစွဲနိုင်သဖြင့် ကုန်စည်မည်မျှဝယ်ယူနိုင်သည်၊ ဝန်ဆောင်မှု မည်မျှရယူနိုင်သည် ဆိုသည်ကို နိုင်ငံ နှစ်ခု နှိုင်းယှဉ်တိုင်းတာသည့်နှုန်းသည် Real Exchange Rate ဖြစ်သည်။ ဥပမာအားဖြင့် လူအများသုံးကုန်စည် တစ်ခုရေသန့်ဘူးဆိုပါစို့ ၁၆၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံတွင် ရေသန့်ဘူး ငါးဘူး ရနိုင်ပါသည်။ တစ်ဒေါ်လာဖြင့် အမေရိကန်တွင် ရေသန့်ဘူး ငါးဘူးရနိုင်ပါမည်လား။ ၁၆၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံတွင် ဓာတ်ဆီ နှစ်လီတာခန့် ရနိုင်ပါသည်။ တစ်ဒေါ်လာဖြင့် အမေရိကန်တွင် ဓာတ်ဆီ ၁ ဒသမ နှစ်လီတာသာ ရပါသည်။ ၁၆၀၀ ကျပ်သည် မြန်မာနိုင်ငံတွင် မိနစ်ပေါင်းများစွာ ဖုန်းပြောနိုင်သော်လည်း တစ်ဒေါ်လာသည် အမေရိကန်နိုင်ငံတွင် မိနစ်များစွာ ပြောနိုင်မည် မဟုတ်ပေ။ ၎င်းကို ဆက်စပ်ဖော်ပြနိုင်သော စီးပွားရေးဝေါဟာရတစ်ခုမှာ ငွေကြေး၏ဝယ်နိုင်စွမ်း (Purchasing Power Parity) ဖြစ်သည်။ ထို့ကြောင့် မြန်မာငွေတန်ဖိုး ကျဆင်းသည်ဟု ပြောရာတွင် ခွဲခြားရှုမြင်တတ်ရမည်ဖြစ်သည်။ ယခုပြောနေကြသော မြန်မာငွေတန်ဖိုး များစွာကျဆင်းခြင်းသည် နိုင်ငံခြားငွေလဲလှယ်ခြင်းနှင့် ပြည်ပကုန်သွယ်မှုတို့တွင် ကျဆင်းခြင်းဖြစ်ပြီး ပြည်တွင်းကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဝယ်ယူစားသုံးနိုင်စွမ်းတွင် များစွာကျဆင်းသည်ဟု ဆိုရန်မသင့်သေးပေ။ Purchasing Power ကျဆင်းမှုသည် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်မှုနှင့်ဆက်စပ်၍ ဖြစ်ပေါ်တတ်ပေသည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်မှုကြောင့် ငွေတန်ဖိုးကျဆင်းခြင်းနှင့် Purchasing Power ကျဆင်းမှုကြောင့် ငွေတန်ဖိုးကျဆင်းခြင်းတို့ ထပ်တူမညီသည်ကို သတိပြုရမည်ဖြစ်ပါသည်။ Purchasing Power ကျဆင်းမှုသည် ငွေဖောင်းပွမှု (Inflation) နှင့်လည်း တိုက်ရိုက်ဆက်စပ်မှုရှိပါသည်။ ငွေဖောင်းပွမှုနှုန်းအရ ကျဆင်းရသော ဝယ်နိုင်စွမ်းသည် သာမန်ပြောင်းလဲတတ်သည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်မှု၊ ဝယ်နိုင်စွမ်းကျဆင်းမှုတို့ကို ငွေဖောင်းပွမှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်မှသာ သာမန်ကျဆင်းခြင်းလား၊ သာမန်ထက်ပို၍ ကျဆင်းခြင်းလား သိနိုင်ပေမည်။

### ဈေးကစားမှုကြောင့်တက်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ဈေးကွက်၏ သဘောတရားကြောင့် မဟုတ်ဘဲ ဈေးကစားမှုကြောင့် တက်ခြင်း၊ ကျဆင်းခြင်းလည်း ရှိတတ်လေသည်။ ဈေးကစားမှုသည် ပုံသေငွေလဲနှုန်း သတ်မှတ်ထားသည့်စနစ်တွင် ပို၍ဖြစ်တတ်သည်။ ပုံသေငွေလဲနှုန်းသည် နိမ့်နေသည်ဟု ယူဆပါက များများလိုက်ဝယ်၍ ဈေးကို ဆွဲတင်သွားနိုင်ပြီး မြင့်နေသည်ဟု ယူဆပါက များများရောင်းထုတ်၍ ဈေးကို ဆွဲချနိုင်သည်။ သို့သော် နှုန်းရှင်ငွေလဲနှုန်းစနစ်တွင်လည်း ဈေးကစားမှုရှိနိုင်သည်။ စီးပွားရေးအခြေခံများအားနည်းခြင်း၊ စီးပွားရေးမညီမျှမှုများရှိခြင်းတို့သည် ဈေးကစားသူများအတွက် အခွင့်ကောင်းဖြစ်သည်။ ငွေလဲနှုန်းအတက်၊ အကျ မတည်ငြိမ်မှုကို အခွင့်ကောင်းယူ၍ အမြတ်ရရှိရန် အလို့ငှာ ဝယ်ခြင်း၊ ရောင်းခြင်း၊ ကိုင်ထားခြင်းတို့ ပြုလုပ်ကြသည်။ ဈေးကွက်အတွင်း အမှန်လိုအပ်၍ ရောင်းသူ၊ ဝယ်သူထက် အမြတ်ရရှိရန်ရည်ရွယ်၍ ရောင်းသူ၊ ဝယ်သူက ပိုမိုများပြားလေ့ရှိသည်။ အရင်းအနှီးအင်အားကြီးမားလေ ဈေးကွက်အပေါ် ကြီးစိုးနိုင်မှုရှိလေ ဖြစ်သည်။ အချိန်တိုအတွင်း အမြတ်အစွန်းကြီးမားစွာရရှိရန် ဖန်တီးယူတတ်သည်။ ဈေးနှုန်းကိုလွတ်လပ်စွာ သတ်မှတ်ခွင့်ပြုထားသည်ကို ပိုမိုအခွင့်ကောင်းယူတတ်သည်။ သတိပြုရန်တစ်ခုမှာ ရောင်းဝယ်ခွင့် လိုင်စင်မရှိသူက ဈေးကစားခြင်းရှိသကဲ့သို့ လိုင်စင်ရှိသူကိုယ်တိုင်က မလိမ့်တပတ်နှင့် ဈေးကစားခြင်းလည်း ရှိနိုင်သည့်အချက်ဖြစ်သည်။ နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်မှုသည် တိုင်းပြည်၏နိုင်ငံခြားငွေ စီးဝင်မှု၊ စီးထွက်မှု၊ ကုန်သွယ်မှုလိုငွေ၊ ငွေဖောင်းပွမှုစသည့် စီးပွားရေးအခြေခံများအပေါ်တွင်မူတည်၍ ဖြစ်ပေါ်လေ့ရှိသည့်အပြင် အခြားအကြောင်းအချက်များကြောင့်လည်း ဖြစ်ပေါ်ရသည်။ ၎င်းတို့မှာ ကုန်သွယ်ရေးမူဝါဒ၊ ပြည်ပမှအကျိုးသက်ရောက်မှုများ၊ တိုင်းပြည်ကြွေးမြီ၊ လူနေမှုအဆင့်မြင့်မားမှု စသည်တို့မှစ၍ နိုင်ငံရေးအပြောင်းအလဲအထိ လွှမ်းခြုံပါဝင်လေသည်။

**စာမျက်နှာ ၇ သို့ ❖**

> ❝ မြန်မာငွေတန်ဖိုးကျဆင်းမှုသည် ပြည်ပအကြောင်းအချက်များဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အမေရိကန် ဒေါ်လာတန်ဖိုး ခိုင်မာအားကောင်းနေမှုနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ ဂယက်ရိုက်ခတ်မှုတို့ကြောင့်ဖြစ်ရသလို ပြည်တွင်းအကြောင်းအချက်များဖြစ်သည့် ကုန်သွယ်ရေးလိုငွေပြမှု၊ စီးပွားရေးအခြေခံများ အားနည်းမှုတို့ကြောင့်လည်း ဖြစ်ရသည်။ အခြားနိုင်ငံသုံးငွေကြေးများသည်လည်း မြန်မာငွေကဲ့သို့ တန်ဖိုး ကျသော်လည်း မြန်မာငွေလောက် မကျပေ။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပအကြောင်းအချက်များအပြင် ဈေးကစားမှုကြောင့် ကျဆင်းရခြင်း ဖြစ်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရပေမည် ❞

# ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြု၍ ကန်တော့ပန်းဆင်

စိုးအောင်(ပညာရေး)

ဆရာများအားလုံးကို ရိုသေလေးစားစွာဂုဏ်ပြုပါ၏။ ဆရာများသည် ပညာရေးစနစ်၏ နှလုံးသည်းပွတ်ဖြစ်သည်။ ကလေးများ၏ဘဝကို ပုံဖော်ပေးကြရာတွင်လည်းကောင်း၊ လူငယ်လူရွယ်နှင့် လူကြီးများကို ပညာပေးရာတွင်လည်းကောင်း ဆရာများမရှိလျှင် မဖြစ်နိုင်ပေ။ လူငယ် လူကြီးများအားလုံး လူ့အဖွဲ့အစည်းအသီးသီးတွင် တာဝန်သိစိတ်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ပေးရာတွင်လည်း ဆရာများသည် တန်ဖိုးဖြတ်မရလောက်အောင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်။ ဆရာများမပါဘဲအရည်အသွေးရှိသော ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရန်မဖြစ်နိုင်သလို ပညာရေးရည်မှန်းချက်များ ပြည့်မီအောင်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

ကမ္ဘာပေါ်တွင် တိုင်းပြည်၊ လူမျိုး၊ ကိုးကွယ်ရာ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံသည်ဖြင့် မတူညီဘဲ အသီးသီးကွဲပြားကြသည်။ မည်သို့ပင် အသီးသီးကွဲပြားနေလင့်ကစား တူညီသောအချက်တစ်ချက်တော့ရှိသည်။ ထိုအချက်သည်ကား မိမိတို့နိုင်ငံနှင့် လူမျိုးကို ငြိမ်းချမ်း၍ သာယာဝပြောအောင် ဖွံ့ဖြိုးတိုးတက်အောင် ဆုံးမသွန်သင် လမ်းညွှန်ပေးနိုင်သည့် ပညာအရည်အသွေးပြည့်ဝ၍ နှလုံးလှသော ဆရာကောင်း ဆရာမြတ်များရှိရမည် ဟူသောအချက်ပင်ဖြစ်သည်။

အရည်အသွေးပြည့်ဝသော ပညာရေးသည်သာ အနာဂတ်နိုင်ငံတော်အတွက် စစ်မှန်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ထိုအရည်အသွေးပြည့်ဝသော ပညာရေး၏ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များထိရောက်အောင်မြင်ရေးအတွက် ဆရာများကသာ အဓိကဖော်ဆောင်ကြရသည်။

ယခုအခါ ပညာရယူရန်အတွက် သတင်းဆက်သွယ်ရေး နည်းပညာများနှင့် ပစ္စည်းကိရိယာများ အမျိုးမျိုးပေါ်ပေါက်လျက်ရှိသည်။ မည်သို့ပင် ခေတ်မီဆန်းပြားသောနည်းပညာ၊ ပစ္စည်းကိရိယာများ ပေါ်ပေါက်နေသော်လည်း လူသားဆရာနှင့် ဆက်နွယ်သော သင်ကြားသင်ယူမှုဖြစ်စဉ်အား အစားမထိုးနိုင်သေးပေ။ ထိုနည်းပညာများသည်လည်း လူသားဆရာများက ပြုလုပ်ထားကြသည်သာ။

ကျွန်ုပ်တို့သည် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတည်းဟူသော ဆရာများ၏အရိပ်ကို ခိုလှုံ၍ ကြီးလာကြရသည်။ ဆရာဟူသည် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ ပညာရပ် တစ်ခုခုကို တတ်မြောက်ကျွမ်းကျင်ကြသူများ ဖြစ်သည်။ ပညာမှန်သမျှ ကျွမ်းကျင်သူ ဆရာများထံမှ သင်ယူကြရသည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင် ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူသော အနန္တော အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်သည်။ ဆရာကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ တန်ဖိုးထားသတ်မှတ်ကြသည်။ ယင်းအပြင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ အမိ၊ အဖ၊ အလေးဂရုပြုအပ်သူ၊ ဆရာ၊ တရားဟောပုဂ္ဂိုလ်၊ မိမိအားပေးကမ်းကူညီသူဟူသော ခင်ပွန်းကြီးဆယ်ပါးတွင်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင် ဆရာ ဆရာမအလုပ်သည် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းအဖြစ် ခံယူထားကြသည်။ နေ့စဉ်အိပ်ရာဝင်၊ အိပ်ရာထသောအခါ အနန္တောအနန္တငါးပါးကို ရှိခိုးကန်တော့ခြင်းဖြင့် ဆရာများဂုဏ်ကို ရိုသေလေးစားတန်ဖိုးထားကြသည်။

နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ ရောက်တိုင်း ကျင်းပပြုလုပ်သော ကမ္ဘာ့ဆရာများနေ့သည် ဆရာများ၏ အရေးကြီးသော အခန်းကဏ္ဍအဖြစ် အသိအမှတ်ပြုသော နေ့ဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် “ဆရာများကို ကျေးဇူးတင်ပါတယ်”ဟု ဖွင့်ဟပြောဆိုသော နေ့တစ်နေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် အချို့သောနိုင်ငံများ၌ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ စက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျောင်းပြင်ပပညာများ ရရှိရန်အတွက် ဆရာများ လိုအပ်ချက်ရှိနေဆဲပင် ဖြစ်သည်။ ယေဘုယျအားဖြင့် ဆရာပြည့်စုံလုံလောက်မှုရှိသည်ဟုဆိုသည့်တိုင် ဝေးလံသောဒေသများ၊ အခွင့်အလမ်းနည်းပါးသောဒေသများတွင် ဆရာခန့်အပ်ရေး၊ ဆရာတည်မြဲရေးတို့အတွက် အခက်အခဲများ ရှိနေဆဲပင် ဖြစ်သည်။ အရည်အသွေးရှိသော ဆရာများ လိုအပ်နေခြင်းသည် ပညာရေးဆိုင်ရာစိန်ခေါ်မှုများအနက် တစ်ခုဖြစ်ပေသည်။

၁၉၉၇ ခုနှစ် ယူနက်စကို အကြံပြုချက်တွင် အဆင့်အတန်းနိမ့်ကျခြင်း၊ လစာနည်းပါးခြင်း၊ လုပ်ကိုင်ခွင့်အခြေအနေညံ့ဖျင်းခြင်းတို့သည် ဆရာများ၏ အခွင့်အလမ်း ချိုးဖောက်ရာရောက်နေပြီး အရည်အသွေးပြည့်ဝသော လူငယ်များ၏ ဆရာလုပ်လိုစိတ်ကို စိတ်ပျက်အားလျော့စေသည်ဟု ဖော်ပြထားသည်။ အရည်အသွေးရှိသော ပညာရေးစနစ် အောင်မြင်ရေးသည် ဆရာများခန့်အပ်၍ အရည်အသွေးမြင့်မားအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်း၊ ဆရာများကို အထောက်အကူပြုပေးခြင်းများအပြင် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ခိုင်မာမှုရှိစေခြင်း စသည့်အပေါ်တွင် များစွာတည်မှီနေပါသည်။

ဆရာ ဆရာမများအနေဖြင့် ကျွန်ုပ်တို့နိုင်ငံအတွက် တန်ဖိုးရှိသော လူသားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား ကိုယ်တိုင်ပါဝင်လုပ်ဆောင် သင်ယူစေခြင်း၊ သင်ယူသူကိုယ်တိုင်လေ့လာသင်ယူနိုင်မည့် နည်းလမ်းများကို ညွှန်ပြခြင်းနှင့် စာသင်ခန်းမှ လူမှုဘဝစီးပွားအထိ လက်တွေ့အသုံးချနိုင်ရန် လေ့ကျင့်သင်ကြားပေးနေကြသည်။ သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘများ၊ ပြည်သူများ၊ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ပညာရေးစေတနာရှင်များအားလုံး အပြန်အလှန်အပြည့်အဝ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။




> “၁၉၉၇ ခုနှစ် ယူနက်စကို အကြံပြုချက်တွင် အဆင့်အတန်းနိမ့်ကျခြင်း၊ လစာနည်းပါးခြင်း၊ လုပ်ကိုင်ခွင့် အခြေအနေညံ့ဖျင်းခြင်းတို့သည် ဆရာများ၏ အခွင့်အလမ်း ချိုးဖောက်ရာရောက်နေပြီး အရည်အသွေးပြည့်ဝသော လူငယ်များ၏ ဆရာလုပ်လိုစိတ်ကို စိတ်ပျက်အားလျော့စေသည်ဟု ဖော်ပြထားသည်။ အရည်အသွေးရှိသော ပညာရေးစနစ်အောင်မြင်ရေးသည် ဆရာများ ခန့်အပ်၍ အရည်အသွေးမြင့်မားအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်း၊ ဆရာများကို အထောက်အကူပြုပေးခြင်းများအပြင်. . . .”

နေရာတိုင်းတွင် မပြည့်စုံမှု၊ အခက်အခဲ၊ ပြဿနာစသည့် လိုအပ်ချက်များက ရှိကြစမြဲပင်။ ဆရာ ဆရာမများသည်လည်း မပြည့်စုံမှု လိုအပ်ချက်အခက်အခဲများရှိသည့်တိုင် ယနေ့အချိန်အထိ ကြံ့ကြံ့ခံရင်ဆိုင်၍ ဆရာအလုပ်ကို မြတ်နိုးစွာရွေးချယ်ပြီး ဆရာအလုပ်ထဲတွင် နှစ်မြှုပ်ဆောင်ရွက်နေကြသည်။ အချို့သော ဆရာများသည် အန္တရာယ်များကြားတွင် အသက်ကိုစွန့်၍ပင် တာဝန်ထမ်းဆောင်ကြသည်။ အချို့သော ဆရာများက ဝေးလံခေါင်ဖျား၍ ပညာနွမ်းပါးသောဒေသများသို့ သွားရောက်ကာ ထိုဒေသခံများ၏ဘဝ သာယာလှပရေး ဆောင်ရွက်ပေးနေကြသည်။ အချို့သောဆရာများသည်လည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ထူးထူးချွန်ချွန် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည်။

ကမ္ဘာ့ဆရာများနေ့တွင် ထိုထိုဆရာများနှင့် မြန်မာနိုင်ငံအနှံ့အပြားရှိ အားလုံးသောဆရာ ဆရာမများ၊ ကမ္ဘာ့ဒေသအသီးသီးတွင်ရှိ အားလုံးသော ဆရာ ဆရာမများအား ရိုသေစွာဂါရဝပြု ကန်တော့ပန်းဆင်၍ လေးမြတ်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာအပေါင်းတို့ ရွှင်လန်းချမ်းမြေ့ကြပါစေကုန်။

❖ စာမျက်နှာ ၆ မှ

**နိဂုံး**

အချုပ်အားဖြင့် တင်ပြလိုသည်မှာ နိုင်ငံခြားငွေလဲနှုန်းမြင့်တက်လာမှုကြောင့် မြန်မာငွေတန်ဖိုး ကျဆင်းရမှုအတွက် ကုစားနိုင်ရန်နှင့် မြန်မာငွေတန်ဖိုးကို ရှိသင့်သည့်အတိုင်းအတာတွင် တည်ငြိမ်စွာရှိနေစေရန် အဖြေရှာ၍ ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံများ အနေအထားအရ ဈေးကွက်က ဆုံးဖြတ်သည့်အတိုင်း အပြည့်အဝလိုက်နာရန် မဖြစ်နိုင်သေးပေ။ Free Floating စနစ်ကျင့်သုံးနိုင်အောင် ဈေးကွက်အနေအထား အသင့်မဖြစ်သေးပေ။ Managed Floating အဆင့်နှင့်သာ တည်ငြိမ်မှုရသည်အထိ၊ ဈေးကွက်ပြည့်ဝလာသည်အထိ၊ စီးပွားရေးအခြေခံများ ခိုင်မာစွာတိုးတက်လာသည်အထိ ကျင့်သုံးသင့်သည်ကို စဉ်းစားရပေမည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် မြန်မာကျပ်ငွေတန်ဖိုး လိုအပ်သည်ထက် ပိုမို၍ကျဆင်းရမှုကို မြန်မာငွေ၏ ဝယ်နိုင်စွမ်း အခြေအနေမှန်နှင့် ချိန်ထိုး၍ အမြန်ဆုံးကုစားနိုင်မည့် နည်းလမ်းများကို ရှာကြံကာ ဘက်ပေါင်းစုံမှ မြန်မြန်ဆန်ဆန် လုပ်ဆောင်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ဗန်းမော်မြို့၌ ကျွဲ၊ နွားပွဲဈေး လိုင်စင်ဖွင့်

**ဗန်းမော် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျွဲ၊ နွားပွဲ ဈေးလိုင်စင် ဖွင့်ပွဲကို ယနေ့တွင် ဗန်းမော်မြို့မအနောက်ပိုင်း ကျွဲ၊ နွားပွဲဈေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲတွင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်းက ကျွဲ၊ နွားပွဲဈေး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျွဲ၊ နွားပွဲဈေး လိုင်စင်ဝင်ကြေးအဖြစ် တိရစ္ဆာန်တစ်ကောင် ၂၀၀၀ နှုန်း၊ ကျွဲ၊ နွားပွဲဈေးအတွင်း တိရစ္ဆာန် အရောင်း၊ အဝယ်ပြုလုပ်လျှင် မှတ်ပုံတင်ခအဖြစ် ရောင်းသူနှင့် ဝယ်ယူသူနှစ်ဦးက တစ်ဖက်လျှင် ကျွဲ၊ နွားတစ်ကောင်ကို ကျပ် ၁၀၀၀၀၊ နွားငယ်တစ်ကောင် ကျပ် ၅၀၀၀၊ မြင်းတစ်ကောင် ကျပ် ၁၀၀၀၀၊ သိုး၊ ဆိတ်၊ ဝက် တစ်ကောင်လျှင် ကျပ် ၅၀၀၀ နှုန်း ပေးဆောင်ရန် သတ်မှတ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကျော်စွာ(ဗန်းမော်)

## မြဝတီမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ထုတ်လွှင့်မှု ယာယီရပ်ဆိုင်းမည်

**နေပြည်တော် အောက်တိုဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား စက်ရုံအဆောက်အအုံအသစ်သို့ ပြောင်းရွှေ့တပ်ဆင်မည်ဖြစ်သောကြောင့် အောက်တိုဘာ ၈ ရက် နံနက် ၅ နာရီမှစ၍ အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီအထိ ရုပ်မြင်သံကြားအစီအစဉ်နှင့် FM ရေဒီယိုအစီအစဉ် ထုတ်လွှင့်မှုများကို ယာယီရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

(ယမန်နေ့မှ အဆက်)

ရခိုင်ပြည်နယ်၏ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအတွင်း ဆောင်ရွက်မှုများအနေဖြင့် ရသေ့တောင်မြို့နယ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက ဓာတ်အားရရှိနိုင်မည့် ကျေးရွာ ၁၇ ရွာအတွက် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါသည်။

အလားတူ ဘူးသီးတောင်မြို့နယ်တွင်လည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက ဓာတ်အားရရှိနိုင်မည့် ကျေးရွာ ကိုးရွာနှင့် မောင်တောမြို့နယ်တွင် ကျေးရွာ ၁၅ ရွာတို့အတွက် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါသည်။

ကျောက်ဖြူခရိုင် မဒဲကျွန်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးပြီဖြစ်၍ ၂၀၁၈ ဇူလိုင် ၇ ရက်နေ့တွင် ဓာတ်အားပို့လွှတ်ထားပြီး ဖြစ်ပါသည်။

ဆောင်ရွက်ဆဲလုပ်ငန်းများအနေဖြင့် ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်းတည်ဆောက်ခြင်း ၈၅ ဒသမ ၀၃ ရာခိုင်နှုန်း၊ ဘူးသီးတောင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း ၇၇ ဒသမ ၇၁ ရာခိုင်နှုန်း၊ ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းတည်ဆောက်ခြင်း ၃၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် မောင်တော ဓာတ်အားခွဲရုံတည်ဆောက်ခြင်း ၃၉ ဒသမ ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားရရှိမှုမှာ အစီရင်ခံသည့်ကာလအတွင်း အိမ်ထောင်စု ၈၀၉၄ စု တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လကုန်အထိ လျှပ်စစ်ဓာတ်အားရရှိသူ အိမ်ထောင်စုပေါင်း ၈၈၂၀၂ စု ဖြစ်ပါသည်။

နိုင်ငံတော်ဓာတ်အားစနစ် မရရှိသေးမီကာလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ တင်ဒါခေါ်ယူပြီးဖြစ်သည့် တစ်အိမ်သုံးဆိုလာ ၈၀၉၂ စုံအနက် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များရှိ ကျေးရွာ ၇၂ ရွာတွင် ဆိုလာမီး ၂၆၀၈ စုံ တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသောဆိုလာမီးများသည် ရခိုင်ပြည်နယ်သို့ ပစ္စည်းများအားလုံးရောက်ရှိပြီး တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် အစီရင်ခံခဲ့သည့်ကာလအတွင်း Mobile Telephone စခန်းတည်ဆောက်မှု ၆၇ ခုနှင့် Fiber Optic Cable ၁၂၃ ကီလိုမီတာ တိုးချဲ့နိုင်ခဲ့ပါသည်။




**လျှပ်စစ်ဓာတ်အားရရှိမှု တိုးတက်ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စု ၈၀၉၄ စု**

ကျေးလက်ရေရရှိရေးအတွက် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ် ၁၃ မြို့နယ်၊ ကျေးရွာ ၇၁ ရွာတွင် လက်တူးတွင်း ၇၁ တွင်း၊ ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေဖြင့် မြို့နယ် ၁၇ မြို့နယ်၊ ကျေးရွာ ၁၉ ရွာတွင် လက်တူးတွင်း တစ်တွင်း၊ အခြားရေရရှိရေးလုပ်ငန်း ၂၀ ခုတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။ ထို့အပြင် Unicef နှင့် ပူးပေါင်း၍ မြို့နယ် ငါးမြို့နယ်၊ ကျေးရွာ ငါးရွာတွင် ရေကန် လေးကန်၊ အခြားရေရရှိရေးလုပ်ငန်း တစ်ခုကို ဆောင်ရွက်ပေးခဲ့ပြီး JICA နှင့် ပူးပေါင်း၍ စစ်တွေမြို့ရေပေးရေးစီမံကိန်း အဆင့်-၂ အား အကောင်အထည်ဖော်လျက်ရှိရာ ၇၈ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း ရှစ်ကြိမ်ကို မြေပုံမြို့နယ်ရှိ ကျေးရွာ ၁၅၀ မှ သင်တန်းသားဦးရေ ၃၀၀ အား သင်တန်းပို့ချပြီးဖြစ်ပါသည်။ ဧပြီလမှ စက်တင်ဘာလအတွင်း စီမံချက်ရေးဆွဲရန် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၅၇ ရွာ ရွေးချယ်ခဲ့သည့်အနက် ၂၀ ရွာတွင် ကျပ်သိန်း ၂၁၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈ ခုနှစ်အတွက် ရခိုင်ပြည်နယ်တွင် ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ သံတွဲ၊ တောင်ကုတ်၊ ရမ်းဗြဲနှင့် ဂွမြို့နယ်တို့အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ကဏ္ဍမှ ၅၀ ယူနစ်၊ ငါးကဏ္ဍမှ ငါးယူနစ် စုစုပေါင်း ၅၅ ယူနစ် ဆောင်ရွက်မည်ဖြစ်ရာ ၂၆ ယူနစ်အတွက် ငွေထုတ်ချေးပြီးဖြစ်၍ ကျန် ၂၄ ယူနစ်အတွက် ငွေထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုများ ဖြန့်ဖြူးရောင်းချပေးခြင်းအနေဖြင့် မြို့နယ် ခြောက်မြို့နယ်ရှိ သမဝါယမအသင်း ၇၃ သင်းမှ အသင်းသားဦးရေ ၃၃၀၁ ဦးသို့ ငွေကျပ် ၂၃၉ ဒသမ ၁၃၁ သန်းတန်ဖိုးရှိ ပုလဲဓာတ်မြေသြဇာအပါအဝင် ဓာတ်မြေသြဇာ ၇၃၈၅ အိတ်နှင့် ငွေကျပ် ၂၇၂ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ပိုးသတ်ဆေး ၁၀၇၂၈ လီတာတို့ကို ရရှိအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မြို့နယ် နှစ်မြို့နယ်ရှိ သမဝါယမအသင်း လေးသင်းမှ အသင်းသား ၆၇ ဦး၏ လယ်မြေဧက ၈၂၀ ဧကအတွက် ချေးငွေကျပ် ၄၅၁ ဒသမ ၅၅ သန်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများအနေဖြင့် ပညာပေးစာစောင် ၉၇၈၆ စောင် ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်း ၆၂ ကြိမ်၊ တောင်သူပညာပေးဆွေးနွေးပွဲ ၁၃၃ ကြိမ်၊ စိုက်ပျိုးနည်းပညာပေးသင်တန်း သုံးကြိမ်၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ၁၂ ကြိမ်၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း တစ်ကြိမ်၊ စုစုပေါင်းသင်တန်း ၇၈ ကြိမ်၊ ဆွေးနွေးပွဲ ၁၃၃ ကြိမ်ဖြင့် လူဦးရေ ၄၀၇၅ ဦးကို နည်းပညာဖြန့်ဝေနိုင်ခဲ့ပါသည်။



ကျေးရွာပေါင်း(၉၀)တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း(၉၇)ခု ဆောင်ရွက်ပေးခဲ့သည်



**အရစ်ကျစနစ်ဖြင့် လက်တွန်းထွန်စက် ၃၉၂ စီး ရောင်းချပေးခဲ့သည်**

စပါးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် စက်ပစ္စည်းများ အစားထိုးသုံးစွဲမှု မြှင့်တင်ခြင်းအဖြစ် ထွန်စက်ကြီးများဖြင့် စုစုပေါင်း ၁၃၅၃၂ ဧက ထွန်ယက်ပေးခဲ့ပြီး လက်တွန်းထွန်စက် ၃၉၂ စီးကို အရစ်ကျစနစ်ဖြင့် ရောင်းချနိုင်ခဲ့ပါသည်။

ငါးမွေးမြူရေးလုပ်ငန်းဖြင့် ဒေသနေပြည်သူများ ဝင်ငွေတိုးမြှင့်ရရှိစေရေးအတွက် ပြည်နယ်အစိုးရ ရန်ပုံငွေ ကျပ်သန်း ၆၀ ဖြင့် ကျေးရွာ ၁၀ ရွာတွင် တူးဖော်ပြီးစီးခဲ့သည့် ရေချိုငါးမွေးကန် ၁၀ ကန်အနက် ရှစ်ကန်တွင် ငါးမျိုးစိုက်ထည့်ပြီး ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သော စိုက်ပျိုးရေးဆိုင်ရာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် မြို့နယ်အားလုံးတွင် စပါးမျိုးသန့်မျိုးစေ့ စုစုပေါင်း တင်း ၁၆၈၀၀ ဖြန့်ဖြူးခြင်း၊ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၆၈၅ ဧကနှင့် မိုးစပါးမျိုးသန့်ဇုန် ဧက ၃၀၀၀၊ မိုးစပါးစံပြကွက် ၃၃၅ ဧက၊ SRI နည်းပညာပေးစံပြကွက် ၃၁ ဧက၊ Seeder နည်းပညာပေးစံပြကွက် ၂၂၃ ဧကနှင့် GAP နည်းပညာပေးစံပြကွက် ၁၁၅ ဧက၊ ဘူးသီးတောင်နှင့် အမ်းမြို့နယ်တို့တွင် မိုးစပါး DAR စမ်းသပ်ကွက် ၁၂ ကွက်၊ မိုးစပါးစိုက်နည်းစနစ် စမ်းသပ်ကွက် ၂၂ ကွက်၊ သီးနှံပုံစံ စမ်းသပ်ကွက် ၂၄ ကွက် စိုက်ပျိုးနိုင်ခဲ့ပါသည်။



**နည်းပညာပေးစံပြစိုက်ကေပေါင်း ၄၄၂၀ ဧက**

ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စားနှင့် မိသားစုစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြောင်းကို ယခင်က စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)မှ ထောက်ခံချက်ပေးနေရာမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ဦးစီးဌာနရုံးများမှ ထောက်ခံချက်များ ထုတ်ပေးလျက်ရှိရာ စုစုပေါင်းလုပ်ငန်းရှင် ၁၆၇ ဦးအား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက် (Recommendation Letter) များ ထုတ်ပေးခဲ့ပြီး ယင်းတို့အနက် လုပ်ငန်းရှင်ခြောက်ဦးသည် ဘဏ်များမှ ချေးငွေရရှိပြီးဖြစ်ပါသည်။ ထပ်မံ၍ လုပ်ငန်းရှင် ရှစ်ဦးအား ချေးငွေရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ခွင့်ပြုထားပြီးဖြစ်ပါသည်။




တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ရခိုင်ပြည်နယ်အတွင်း မေလမှ ဩဂုတ်လအထိ ကျပ် ၈၄ ဒသမ ၃၄၂ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပို့ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ ကုမ္ပဏီများသို့ ၉ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် တောင်သူလယ်သမား၊ လုပ်ငန်းရှင် ၁၃ ဦးသို့ ကျပ်သန်း ၃၅ ဒသမ ၇၉ ထုတ်ချေးပြီး ဖြစ်ပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသို့ မြေနှင့် အဆောက်အအုံတို့အား အာမခံရယူ၍ မေလမှ ဩဂုတ်လအထိ လုပ်ငန်းရှင် ၃၆ ဦးသို့ ချေးငွေပမာဏကျပ် ၁ ဒသမ ၂၃၈ ဘီလီယံ ထုတ်ချေးထားသည့်အပြင် အပေါင်အာမခံပေးအပ်နိုင်ခြင်းမရှိသေးသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် ၁၁ ဦးသို့ ချေးငွေအာမခံလက်မှတ် (Credit Guarantee Insurance)ဖြင့် ပူးတွဲအာမခံရယူ၍ ချေးငွေကျပ် သုည ဒသမ ၂၁၇ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ရေသိုလှောင်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ရေငန်တားတာ၊ တာ/တမံ၊ တာပုံစံကျ၊ ကွန်ကရစ် ရေတံခါးပြုပြင်၊ မွမ်းမံ၊ တည်ဆောက်ခြင်းလုပ်ငန်း ၇၅ ခု ဆောင်ရွက်လျက်ရှိရာ ၆၂ ခုမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ပါသည်။ မြို့နယ် ငါးမြို့နယ်တွင် ကမ်းပြိုကမ်းထိန်းလုပ်ငန်းများနှင့် ကျောက်စီမြေထိန်းနံရံ ပြုပြင်ခြင်းလုပ်ငန်း ခုနစ်ခုကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါသည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ



သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်း

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုမြှင့်တင်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် ရခိုင်ပြည်နယ် မြို့နယ် ခုနစ်မြို့နယ်တွင်စိုက်ပျိုးထားသော သစ်တောများအနက် ၅၂၅ ဧကတွင် ဓမ္မတာမျိုးဆက်ခြင်းအထောက်အကူလုပ်ငန်းဆောင်ရွက်ခြင်း၊ စီးပွားရေး(ပျဥ်းကတိုး) သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း စုစုပေါင်း ဧက ၆၉၀ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတော တန်ဖိုးမြင့် သစ်တော စိုက်ပျိုးခြင်းဧက ၃၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ၁၂၄၆ ဧကနှင့် သစ်တောများ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ မီးကာကွယ်ခြင်းစသည်တို့ကို ၅၇၉၅ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်ရှည်သီးပင် (တညင်း၊ ကွမ်းသီး၊ သရက်၊ ပိန္နဲ) ဖြန့်ဝေခြင်းကို ဘူးသီးတောင် မြို့နယ်တွင် ပျိုးပင်ပေါင်း ၂၀၀၀၀၊ မောင်တောမြို့နယ်တွင် ပျိုးပင်ပေါင်း ၂၅၀၀၀ နှင့် ရသေ့တောင်မြို့နယ်တွင် ပျိုးပင်ပေါင်း ၅၀၀၀ ပျိုးထောင်ပြီး ဖြစ်ပါသည်။

## နိုင်ငံသားဖြစ်မှု

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတွင် မေလမှ ဩဂုတ်လအထိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု ၃၅ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု ၉၅ ဦး၊ မောင်တောမြို့နယ်၊ စစ်တွေမြို့နယ်၊ အမ်းမြို့နယ်၊ သံတွဲမြို့နယ်၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်တို့တွင် NV Card ထုတ်ပေးမှု ၉၃၅ ဦးနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း ၁၃၃၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## လွတ်လပ်စွာသွားလာခွင့်

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ် ရရှိကိုင်ဆောင်သောသူများသည် မည်သည့်ဒေသမဆို လွတ်လပ်စွာသွားလာခွင့်ရှိသဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကြောင်း အထောက်အထား လက်မှတ်ဖြစ်သည့် NV Card ကိုင်ဆောင်သူများကို မောင်တောခရိုင်အတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုထားပြီး ပြည်နယ်ပြင်ပသို့ ခရီးသွားလာခြင်းအတွက် ၎င်းတို့သွားရောက်လိုသည့် ပြည်နယ်/ တိုင်းဒေသကြီးရှိ တည်းခိုနေထိုင်မည့် လိပ်စာမှန်ကန်ခြင်း ရှိ၊ မရှိ၊ အိမ်ရှင်မှ တာဝန်ယူခြင်း ရှိ၊ မရှိ စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယာယီခရီးသွားလာခွင့် စိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သွားလာခွင့်ပြုပေးခဲ့ရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအတွင်း စုစုပေါင်း ကျား ၈၀၊ မ ၄၆ ဦး ပေါင်း ၁၂၆ ဦးတို့ ခရီးသွားလာနိုင်ခဲ့ပါသည်။



နိုဒင် IDP စခန်းပိတ်သိမ်းပြီး ပြန်လည်နေရာချထားမှု

## IDP ကိစ္စရပ်များ

ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းရေးကို ဆောင်ရွက်လျက်ရှိရာ မြေပုံမြို့ တောင်ပေါ် IDP စခန်းနေသူများအား ပြန်လည်နေရာချထားရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် နေအိမ် အလုံး ၁၀၀ ကို Cash For Work အစီအစဉ်ဖြင့် ဆောက်လုပ်နေရာချထားပေးပြီး ဖြစ်ပါသည်။ ထပ်မံ၍ နေအိမ်အလုံး ၁၀၀ ဆောက်လုပ်လျက်ရှိပါသည်။ အလားတူ ကျောက်တော် နိုဒင် IDP စခန်းအတွက် လုံးချင်းနေအိမ် ၈၅ လုံး တည်ဆောက်ပြီးဖြစ်၍ နေရာချထားပေးကာ စခန်းပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။

စစ်တွေမြို့နယ်၌ IDP စခန်း ၁၂ ခု၊ ပေါက်တောမြို့နယ်၌ လေးခု၊ မြေပုံမြို့နယ်၌ တစ်ခု၊ ကျောက်ဖြူမြို့နယ်၌ တစ်ခု စုစုပေါင်း ၁၈ ခု ကျန်ရှိသည့်အနက် မြေပုံမြို့နယ်ရှိ တောင်ပေါ် IDP စခန်းအား ပိတ်သိမ်းလျက်ရှိပြီး စစ်တွေ မြို့နယ်ရှိ သက္ကေပြင် IDP စခန်း၊ ခေါင်းဒုက္ခာ(၁) နှင့် (၂) IDP စခန်း၊ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းများ ပိတ်သိမ်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ IDP စခန်းများ ပိတ်သိမ်းရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရန် IDP စခန်းများ ပိတ်သိမ်းရေး မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းမှုဖြင့် မဟာဗျူဟာစီမံချက်(မူကြမ်း) ရေးဆွဲလျက်ရှိပါသည်။

## လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးနိုင်မှု



အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများသို့ လူမှုရေးပင်စင် ကျပ်(၁၀၆.၄၁၀)သန်း ထောက်ပံ့ခဲ့သည်

ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုများအဖြစ် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းတွင် ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်အတွင်း အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၁၇၄၆ ဦးကို ထောက်ပံ့ငွေ ၅၂ ဒသမ ၃၈၀ သန်း၊ ဒုတိယ သုံးလပတ်အတွင်း ဘိုးဘွား ၁၈၀၁ ဦးအတွက် ၅၄ ဒသမ ၀၃၀ သန်းထောက်ပံ့ပေးခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား လစဉ်ငွေကြေးထောက်ပံ့မှု အစီအစဉ်ဖြင့် အကျိုးခံစားခွင့်ရှိသူ ၃၇၁၈၉ ဦးအတွက် ၃၃၄၇ ဒသမ ၁၀၁ သန်း ထောက်ပံ့ပေးခဲ့ပါသည်။

အစားအစာရိက္ခာနှင့် အသုံးအဆောင်ပစ္စည်း ထောက်ပံ့မှုတွင် ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း တန်ဖိုးငွေကျပ် ၁၈၂၄၅၆၀၀ ရှိ စားနပ်ရိက္ခာများ(ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ) ကိုလည်းကောင်း၊ ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ ဆပ်ပြာ စုစုပေါင်း ၆၈၈ ယူနစ်ကိုလည်းကောင်း၊ မီးဖိုချောင်သုံးပစ္စည်း ၁၄၅ စုံကို လည်းကောင်း ထောက်ပံ့ပေးခဲ့ပါသည်။

ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) ဖြင့်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးအပ်လျက်ရှိရာ အိမ်ထောင်စု ၃၇၀၁၁ စုမှ လူဦးရေ ၁၇၁၇၅၀ အတွက် စားနပ်ရိက္ခာ ၁၁၄၀၈၆ ယူနစ်၊ ကျန်းမာရေးအသုံးအဆောင်ပစ္စည်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း၊ အာဟာရနှင့် ဓာတ်ဆား၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အိမ်သာသုံးပစ္စည်း၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာ၊ အမိုးအကာပစ္စည်းများ၊ မြေရေစစ်အိုးများစသော Non Food Item-NFI ယူနစ် ၇၈၅၄၆ ယူနစ်တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။



လူသားချင်းစာနာထောက်ထားမှု အကူအညီထောက်ပံ့ခဲ့သော အိမ်ထောင်စုပေါင်း(၃၈၀၇၈)

World Food Program-WFP ကလည်း ခေါင်းဒုက္ခာ ၁ စခန်းတွင် အိမ်ထောင်စု ၂၂၉ စုမှ လူဦးရေ ၁၇၇၅ ဦးအတွက် ဆန် ငါးပြည်ပါ ၆၄၈ အိတ်၊ ဆီ ၁၀ လီတာပါ ၁၈၉ ဖာ၊ ပဲ ၂၃ ပြည်ပါ ၇၂ အိတ်၊ ဆား ၄၅ ထုပ်ပါ ခြောက်အိတ်၊ ခေါင်းဒုက္ခာစခန်း ၂ တွင် အိမ်ထောင်စု ၂၅၀ လူဦးရေ ၁၃၇၃ ဦးအတွက် ဆန်ငါးပြည်ပါ ၃၇၄ အိတ်၊ ဆီ ၁၇ လီတာပါ ၁၄၄ ဖာ၊ ပဲ ၂၂ ပြည်ပါ ၄၉ အိတ်၊ ဆား ၉၈ ထုပ်ပါ သုံးအိတ်တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

## သတင်းရယူခွင့်

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ကဏ္ဍစုံဆောင်ရွက်ချက်များကို ပြည်တွင်း၊ ပြည်ပမှ ပိုမိုသိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား ရခိုင်ပြည်နယ်သို့ တစ်လလျှင် နှစ်ကြိမ် စေလွှတ်သတင်းရယူခွင့်ပြုလျက်ရှိရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လကုန်အထိ ပြည်တွင်းသတင်းမီဒီယာအဖွဲ့ ငါးကြိမ်နှင့် ပြည်ပသတင်းမီဒီယာအဖွဲ့ သုံးကြိမ်တို့ဖြင့် သတင်းမီဒီယာသမား ၉၅ ဦးတို့ကို သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

မီဒီယာထောက်ပံ့မှုလုပ်ငန်းစဉ်အဖြစ် ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းထုတ်ပြန်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အသိပညာပေးခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း-



ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၃၁၃ ကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် ၂၄ ကြိမ်။



ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၂၅၇၇ ကြိမ်၊ တွေ့ဆုံမေးမြန်းမှု တစ်ကြိမ်၊ အသိပညာပေးထုတ်လွှင့်မှု ၃၉၇ ကြိမ်၊ PSA (Public Service Announcement) ၂၄၅ ကြိမ်။



ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် သတင်းထုတ်ပြန်ချက် ရှစ်ကြိမ်၊ သတင်းဖော်ပြမှု ၁၀၂ ကြိမ်။



ဆောင်းပါး ခုနစ်ကြိမ်၊ တွေ့ဆုံမေးမြန်းမှု ငါးကြိမ်၊ မိန့်ခွန်းဖော်ပြမှု တစ်ကြိမ်၊ သတင်းစာရှင်းလင်းပွဲ တစ်ကြိမ်၊ ဓာတ်ပုံဖော်ပြမှု ၁၄၅ ကြိမ်၊ နေ့စဉ်ထုတ်သတင်းစာများတွင် ညှိနှိုင်းအစည်းအဝေးဖော်ပြမှု ၂၁ ကြိမ်၊ ဓာတ်ပုံ ၃၁ ကြိမ်၊ သတင်းထုတ်ပြန်မှု ၁၇ ကြိမ်၊ ဓာတ်ပုံ ၁၅ ကြိမ်၊ လက်ခံတွေ့ဆုံမှု ၁၂ ကြိမ်၊ ဓာတ်ပုံဖော်ပြမှု ၁၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။



ရခိုင်ပြည်နယ်အတွင်း ရေလမ်းအသုံးပြု ကျောင်းတက်ရသော ကျောင်းသား ကျောင်းသူ ၄၂၇၂ ဦးအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့ခဲ့သည်

## ပညာရေး

ပညာရေးကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးပြီး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ရေလမ်းခရီးကို အသုံးပြု၍ ကျောင်းတက်ရသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ကျောင်းသား ကျောင်းသူ ၄၂၇၂ ဦးအတွက် အသက်ကယ်အင်္ကျီ ၄၂၇၂ ထည် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၄၂ ကျောင်း ဖွင့်လှစ်သင်ကြားနေပြီး မောင်တောမြို့နယ်မှ ကိုယ့်အားကိုယ်ကိုးရွှေဗဟိုနှင့် ကိုင်းကြီး(မြို့)၊ ဘူးသီးတောင်မြို့နယ်မှ ကိုယ့်အားကိုယ်ကိုးအောက်တရဂူကျောင်းများကို မူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါသည်။

အဆင့်မြင့်ပညာရေးအတွက် အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်မှုအဖြစ် စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ဒီဂရီကောလိပ်နှင့် ကျောက်ဖြူပညာရေးကောလိပ်တို့တွင် စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ မိုးလုံလေလုံ အားကစားရုံနှင့် စားသောက်ဆိုင်များ တည်ဆောက်ပေးလျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာ ကော်ပိုရိတ် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လေ ယုံကြည်မှုကို တည်ထောင်ပြီးသား ဖြစ်လေဆိုတဲ့ အချက်အရ မကြာမီကာလမှာတော့ ပြောင်းလဲလာမယ်

ဦးငွေးချွန်

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ကျင်းပ

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးငွေးချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန်စတော့အိပ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်ဦး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Myanmar Securities Exchange Centre Co., Ltd.- MSEC)မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နန်းလှဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

သတင်း- ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ- အေးသန်း

**(ယမန်နေ့မှအဆက်)**

**ဒေါ်ယဉ်မြတ်မင်း**။ ။နောက်တစ်ခုက ကျွန်မတို့ စာရင်းဝင်ခြင်း လုပ်ငန်းစဉ် (Listing Process)ကို ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့က ဆောင်ရွက်မှု ခန့်မှန်းကြာချိန် (Timeline) ကို သူတို့ကို ဆွဲပေးပါတယ်။ ဒီစာရင်းဝင်ခြင်း လုပ်ငန်းစဉ် (Process) တစ်ခုလုံးမှာဆိုရင် ဘယ်အချိန်မှာ ဘာပြီးအောင် လုပ်ရမယ်ဆိုတာကို ကျွန်မတို့က အမြဲတွန်းအားပေး လုပ်ဆောင်ရပါတယ်။ စာရင်းဝင်လိုတဲ့ ကုမ္ပဏီကို ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm)ကလည်း ကျွန်မတို့လိုပဲ တွန်းအားပေးလုပ်ဆောင်နေတဲ့ အပိုင်းတွေ ရှိပါတယ်။

ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)ကတော့ အားလုံးကို ဦးဆောင်ပြီး တွန်းအားပေးဆောင်ရွက်ရပါတယ်။ အဲဒီတော့မှ စာရင်းဝင်ခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့အနေနဲ့ ဒီလိုမျိုး စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေကို တွေ့ဆုံမှုတွေပြုလုပ်ပြီး အလားအလာရှိတဲ့ ကုမ္ပဏီတွေကိုစာရင်းဝင်ခြင်း အခြေခံလုပ်ငန်းစဉ် (Listing Process) အကြောင်းကို သွားပြီး ရှင်းပြပေးပါတယ်။ စာရင်းဝင်ဖို့ ပြင်ဆင်မှုတွေ ဘာတွေလုပ်ရမယ်ဆိုတာကို ကျွန်မတို့အနေနဲ့ သွားရောက်ပြီးတော့လည်း ရှင်းပြပါတယ်။ ပြီးတော့ ပြည်သူလူထု အသိပညာပေးဖို့ (Public Awareness) အတွက်လည်း ပညာပေးဟောပြောပွဲ (Seminar)တွေကို ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) တွေ၊ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ဆောင်ပေးပါတယ်။

နောက်တစ်ချက်ပြောဖို့ကျန်နေတာက စာရင်းဝင်မယ်ဆိုရင် ဘယ်လောက်ကြာမှာလဲဆိုတဲ့ မေးခွန်းပေါ့၊ ကျွန်မတို့အနေနဲ့ကျတော့ စာရင်းဝင်ကုမ္ပဏီ ငါးခုမှာ လေးခုကို စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီတော့ ဘာကြောင့် ဒီ လေးခုကို ဆောင်ရွက်ပေးနိုင်သလဲဆိုရင် ကျွန်မတို့က ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Companies) တွေထဲမှာ သက်တမ်းအရင့်ဆုံး ၁၉၉၆ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ကျွန်မတို့ရဲ့ Partner အကျိုးတူပူးပေါင်းထားသော အဖွဲ့အစည်း ဖြစ်တဲ့ Daiwa Securities Group ဟာ စတော့ရှယ်ယာတွေနဲ့ပတ်သက်တဲ့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Business) မှာဆိုရင် ဂျပန်နိုင်ငံမှာ အကြီးဆုံး လေးခုထဲက တစ်ခုဖြစ်ပါတယ်။ အဲဒီတော့ သူတို့ဆီက ကျွန်မတို့က နည်းပညာပိုင်းဆိုင်ရာအကူအညီ(Technical Assistance) တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်မတို့ကို စာရင်းဝင်ကုမ္ပဏီတွေ ငါးခုထဲက လေးခုကို အောင်အောင်မြင်မြင်နဲ့ ဝန်ဆောင်မှုပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ ဆောင်ရွက်တဲ့အခါမှာ ဘယ်လောက်ကြာသလဲ တချို့ကမေးကြပါတယ်။ အဲဒီလိုမေးတဲ့အခါ သူတို့ရဲ့ စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေရဲ့ အဆင်သင့်ဖြစ်မှု၊ ဘဏ္ဍာရေးရှင်းတမ်း (Financial Statements)တွေ ပြင်ဆင်တာ အဆင်သင့်ဖြစ်ပြီလား၊ တခြားလိုအပ်တဲ့အချက်တွေလည်း ရှိတယ်။ အဲဒါတွေ အဆင်သင့်ဖြစ်ပြီလားဆိုတဲ့ အချက်တွေအပေါ်မှာမူတည်နေပါတယ်။

နောက်တစ်ခုက သူတို့ကို ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)၊ ဥပဒေအကြံပေးအဖွဲ့အစည်း(Law Firm) နဲ့ စာရင်းစစ်လုပ်ငန်း(Audits Firm)တို့ကနေပြီးတော့ လိုအပ်တဲ့ အချက်အလက် (Information) တွေကို တောင်းမယ်ဆိုရင် သူတို့ရဲ့တုံ့ပြန်မှု (Response)ပေါ့၊ သူတို့က ကျွန်မတို့ တောင်းတာကို မြန်မြန်ဆန်ဆန်ပေးနိုင်သလား စတဲ့အချက်နှစ်ချက်အပေါ်မှာ မူတည်ပါတယ်။

**အစီအစဉ်မှူး ။ ။အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာရင်းဝင် ကုမ္ပဏီတွေ တိုးတက်များပြားလာစေရေးမှာ ဘယ်လိုပံ့ပိုးမှုတွေ၊ ဆွဲဆောင်မှုတွေ ဆောင်ရွက်ပေးသင့်သလဲဆိုတာ စာရင်းဝင်ကုမ္ပဏီတစ်ခုအနေနဲ့ ပြောပြပေးပါဦး။**



**ဒေါက်တာ နန်းလှဲ့ရည်စိုး**။ ။ စာရင်းဝင် ကုမ္ပဏီ တစ်ခု အမြင်နဲ့ ပြောရမယ်ဆိုရင် အခုလက်ရှိမှာ ကျွန်မတို့ စာရင်းဝင်ကုမ္ပဏီတွေအတွက် ဝင်ငွေခွန်သက်သာခွင့် ငါးရာခိုင်နှုန်း ခွင့်ပြုထားပါတယ်။ အဲဒီအတွက် စာရင်းဝင်ကုမ္ပဏီတွေကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါပေမယ့်လည်း အစုများပိုင်ဆိုင်တဲ့ ကုမ္ပဏီ (Holding Company) ဖြစ်ခဲ့မယ်ဆိုရင်တော့ ပေးသာပေးတာ မရသလိုမျိုး အနေအထားမှာတော့ ရှိနေပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ နောက်ပိုင်းမှာ Holding Company နဲ့ ပတ်သက်ပြီးတော့မှ ပြန်ပြီး စဉ်းစားပေးသင့်တယ်လို့ မြင်ပါတယ်။ အဲဒီလို စဉ်းစားပေးမယ်ဆိုရင် Holding Company တွေအနေနဲ့ စာရင်းဝင်ကုမ္ပဏီအဖြစ် ပိုများလာမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြည့်မယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီ ပိုမိုများပြားလာအောင် ဆွဲဆောင်မှုတွေ လုပ်တဲ့အချိန်မှာ ဝင်ငွေခွန်ကို လျှော့ပေးပြီးတော့ဆွဲဆောင်တာကို တွေ့ရပါတယ်။

ကျွန်မတို့နိုင်ငံမှာ အခုလက်ရှိ ဈေးကွက်သက်တမ်းကလည်း နုနေတဲ့အချိန်ဖြစ်တဲ့အတွက် ကာလတိုအစီအစဉ်အနေနဲ့ ဒီဝင်ငွေခွန် ကင်းလွတ်ခွင့် ၅၀ ရာခိုင်နှုန်းကို နှစ်နှစ် သို့မဟုတ် သုံးနှစ်တန်သည် ပေးသင့်တယ်လို့ ယူဆပါတယ်။ အဲဒီလိုပေးတယ်ဆိုရင်လည်း ကျွန်မတို့ အခုအချိန်မှာ စာရင်းဝင်ကုမ္ပဏီကလည်း နည်းသေးတယ်။ အဲဒီအတွက်ကြောင့် နိုင်ငံတော်ရဲ့ ဝင်ငွေခွန် သိသိသာသာလျော့ကျသွားမှာ မဟုတ်ပါဘူး။

ဒါပေမယ့် ဆွဲဆောင်မှုပြုလုပ်တဲ့အခါမှာ ပိုပြီးတော့ ထိရောက်မှုရှိနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် နောက်ပိုင်းမှာ စာရင်းဝင်ကုမ္ပဏီက များလာလေလေ အခွန်စည်းကြပ်မှုအပိုင်းမှာ ထိရောက်မှုရှိလာနိုင်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးတွေလည်းရလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဝန်ကြီးဌာနအသီးသီးကနေ စီမံကိန်းကြီးတွေ တင်ဒါခေါ်တဲ့အချိန်မှာ စာရင်းဝင်ကုမ္ပဏီတွေကို ဦးစားပေးသင့်တယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ စာရင်းဝင်ကုမ္ပဏီတွေဆိုတာ အဘက်ဘက်ကနေ သေချာစွာစိစစ်ထားတဲ့ ကုမ္ပဏီတွေလည်း ဖြစ်တယ်။ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းအပ်နှံတဲ့အချိန်မှာလည်း လူအင်အား၊ငွေအင်အားနဲ့ အုပ်ချုပ်မှုအင်အားတွေနဲ့ပတ်သက်ပြီးတော့ စိတ်ချယုံကြည်လို့ရပါတယ်။ တခြားသင့်လျော်တဲ့ ဦးစားပေးအခွင့်အရေးတွေထည့်သွင်းပြီးတော့ စဉ်းစားပေးမယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်များပြားလာမယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။ ။ရန်ကုန် စတော့အိပ်ချိန်းမှာ အဖွဲ့အစည်း ရင်းနှီးမြှုပ်နှံသူတွေ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ဖို့ ဘယ်လိုအစီအစဉ်တွေနဲ့ ဆောင်ရွက်သင့်သလဲဆိုတာ နည်းနည်းလောက်ရှင်းပြပေးပါဦး။**

**ဒေါ်တင်မေဦး** ။ ။ဈေးကွက်အေးနေတယ်ဆိုတာ တကယ်တော့ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံတဲ့ လူတွေပဲများ နေလို့ပါ။ အဖွဲ့အစည်း ရင်းနှီးမြှုပ်နှံတဲ့သူက မရှိဘူးဖြစ်နေတာ။ အဲဒီတော့ တခြားနိုင်ငံတွေကြည့်မယ်ဆိုရင် ပင်စင်ရန်ပုံငွေ၊ အိုနာစာရန်ပုံငွေ၊ ကုမ္ပဏီတွေရဲ့ အိုနာစာရန်ပုံငွေ၊ လူမှုဝန်ထမ်း၊ လူမှုဖူလုံရေး အဲဒီလိုအဖွဲ့အစည်းတွေက ရန်ပုံငွေတွေကို စတော့အိပ်ချိန်းမှာရင်းနှီးမြှုပ်နှံဖို့ ခွင့်ပြုတယ်။ ခွင့်ပြုတဲ့အခါကျတော့ အဲဒီငွေတွေကို တိုးပွားအောင် လုပ်ပေးနိုင်တဲ့အတွက် သူတို့အတွက်လည်း ပိုအကျိုးရှိတယ်။

နောက်တစ်ခုက နိုင်ငံတော်ကလည်း ပင်စင်အတွက် စိတ်ပူစရာမလိုဘူး။ သူ့ရန်ပုံငွေနဲ့သူ လည်ပတ်အောင် လုပ်နိုင်တဲ့အတွက် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုး တစ်ခုလျော့ကျနိုင်တယ်။ တခြားနိုင်ငံတွေမှာ အလုပ်သမားများ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Employee Investment Scheme) ဆိုပြီးလည်းရှိတယ်။ ကိုယ့်အလုပ်သမားတွေကို ကိုယ့်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံအောင်ဆိုပြီးတော့ လုပ်ပေးတယ်။ အဲဒီတော့ ကုမ္ပဏီတိုးပွားလာတာနဲ့အမျှ အလုပ်သမားတွေအနေနဲ့ ကုမ္ပဏီကြီးပွားလေ သူတို့ရဲ့ပိုင်ဆိုင်မှုကလည်း တက်လာလေဆိုတော့ အဲဒီအစီအစဉ်က အများကြီးအကျိုးရှိပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်မှာ တိုးတက်ပြောင်းလဲမှုများ ဖြစ်လာနိုင်ပါသလား။**

**ဦးငွေးချွန်** ။ ။မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပြဋ္ဌာန်းချက်ပါလာတယ်။ ဒါကတော့ ဥပဒေအသစ်ရဲ့ ထူးခြားချက်ပါပဲ။ အဲဒီမှာ ဒါရိုက်တာတွေရဲ့ တာဝန်ကိုလည်း သတ်သတ်မှတ်မှတ် ပေးထားတယ်။ ဥပမာ duty of care ဆိုတဲ့ ဂရုတစိုက် ဘယ်လိုလုပ်ရမယ်၊ သစ္စာရှိရမယ်၊ ဥပဒေကို ဘယ်လို လိုက်နာရမယ်၊ ဖွဲ့စည်းပုံစည်းမျဉ်းကို ဘယ်လိုလိုက်နာရမယ် ဆိုတာကအစ ဘယ်လို ပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတဲ့ စည်းကမ်းချက်တွေ ပါဝင်ပါတယ်။

တစ်ဖက်က Myanmar Institute of Directors (MIOD)တည်ထောင်ပြီး ကုမ္ပဏီဒါရိုက်တာတွေအတွက် ပညာပေးလုပ်ငန်းတွေလုပ်မယ်။ အရည်အချင်းပြည့် ဒါရိုက်တာတွေ မွေးထုတ်မယ်။ ကုမ္ပဏီဥပဒေအသစ်အရလည်း ကော်ပိုရိတ်စီမံခန့်ခွဲမှုကို ဥပဒေအရ မလိုက်နာမဖြစ်လိုက်နာရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ နိုင်ငံကုမ္ပဏီတွေရဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှု အဆင့်အတန်းက မြင့်လာမယ်။ အများနဲ့ သက်ဆိုင်တဲ့ကုမ္ပဏီတွေဆိုတာ နိုင်ငံ့စီးပွားထူထောင်ရာမှာ အင်မတန် အရေးကြီးတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လေ ယုံကြည်မှုကို တည်ထောင်ပြီးသားဖြစ်လေဆိုတဲ့ အချက်အရ မကြာမီကာလမှာတော့ ပြောင်းလဲလာမယ်။ ဥပဒေအသစ်ကလည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးနေပါပြီ။

**အစီအစဉ်မှူး ။ ။တစ်ဆက်တည်းမေးလိုတာက ရန်ကုန် စတော့အိပ်ချိန်းမှာ နိုင်ငံခြားကုမ္ပဏီတွေကို စာရင်းဝင်ကုမ္ပဏီအဖြစ်နဲ့ ဖိတ်ခေါ်နိုင်ပါပြီလား။**

**ဦးငွေးချွန်** ။ ။မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်က လွယ်ကူချောမွေ့စေရေး အပိုင်းမှာ ထင်ရှားပါတယ်။ လွယ်ကူချောမွေ့စေရေးဆိုတဲ့ အပိုင်းမှာ onlineနဲ့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်လို့ရပြီ။ အင်မတန်လွယ်ပါတယ်။ နာရီဝက်လောက်ဆိုရင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးပါပြီ။ အရင်ဥပဒေတုန်းက နိုင်ငံခြားသား အစုရှယ်ယာတစ်စုပါရင် နိုင်ငံခြားကုမ္ပဏီ ဖြစ်သွားတယ်။ ကုမ္ပဏီတည်ထောင်တဲ့ အချိန်ကနေ စပြီးတော့ ကုမ္ပဏီသက်တမ်းတစ်လျှောက်လုံးမှာ ကွာခြားချက်တွေရှိတယ်။ ကုမ္ပဏီ ဥပဒေအသစ်အရဆိုရင် မြန်မာကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီ ကွာခြားချက် မရှိတော့ပါဘူး။

ဖွဲ့စည်းတည်ထောင်တဲ့အခါ အရင်တုန်းကဆိုရင် ပါမစ်ဆိုတာလျှောက်ရတယ်။ အခုလျှောက်ဖို့မလိုတော့ဘူး။ ဘာပဲကွာသလဲဆိုရင် အဓိကအချက်က စတင်တည်ထောင်တဲ့အချိန်မှာ နိုင်ငံခြားကုမ္ပဏီဆိုရင် DICA ကို အကြောင်းကြားရမယ်။ နောက်တစ်ခါ အစုရှယ်ယာတွေ ရောင်းရင်း၊ ဝယ်ရင်းနဲ့ နိုင်ငံခြားသားပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်း ကျော်သွားရင် နိုင်ငံခြားကုမ္ပဏီဖြစ်သွားတဲ့အခါ DICA ကို အကြောင်းကြားရမယ်။ နှစ်ပတ်လည်အစည်းအဝေး ကျင်းပတဲ့အခါမှာ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက DICA သို့ အကြောင်းကြားရမယ်။ ဒီအချက် သုံးချက်ပဲ ဆောင်ရွက်ရပါမယ်။

နောက်တစ်ခု အရင်ဥပဒေတုန်းက နိုင်ငံခြားကုမ္ပဏီတွေမှာ အများနှင့်သက်ဆိုင်သောကုမ္ပဏီ တည်ထောင်ဖို့ ကန့်သတ်ချက်တွေရှိတယ်။ အခု ဥပဒေအရ နိုင်ငံခြားကုမ္ပဏီဟာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီထောင်လို့ရတဲ့အတွက် အများပြည်သူကို အစုရှယ်ယာရောင်းချနိုင်တယ်။ အဲဒါက အစုရှယ်ယာထုတ်ဝေတဲ့ကုမ္ပဏီတွေ (Issuer) အပိုင်း ဖြစ်ပါတယ်။ Investor အပိုင်းကကြည့်မယ်ဆိုရင် လက်ရှိ စာရင်းဝင်ကုမ္ပဏီတွေမှာ နိုင်ငံခြားသားအစုရှယ်ယာရှင်တွေဟာ ၃၅ ရာခိုင်နှုန်းအထိ ဝယ်ယူခွင့်ရှိမယ်။ လက်ရှိ စာရင်းဝင်ကုမ္ပဏီတွေက သူတို့ ဘယ်လောက်အထိ လက်ခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်တယ်။ အဲဒီမှာ ဘာတွေထူးခြားလာမလဲ။ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံ သူ (Individual Investor) တွေရော၊ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူ (Institutional Investor) တွေရော ပိုမိုများပြားလာမယ်။ ဒါကြောင့် စတော့ရှယ်ယာဈေးကွက် ပိုမိုပြီးတော့ မြန်ဆန်သွက်လက်လာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အများပြည်သူ (ရင်းနှီးမြှုပ်နှံသူ)များအနေနဲ့ စတော့ရှယ်ယာဈေးကွက်မှာ စုဆောင်းငွေထဲက တစ်စိတ်တစ်ပိုင်းကို ဘာကြောင့်ရင်းနှီးမြှုပ်နှံသင့်သလဲ။ ဘယ်အချိန်မှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ဘယ်လိုစဉ်းစားဆုံးဖြတ်ချက်ချရမလဲဆိုတာကို ရှင်းလင်းပြောကြားပေးပါ။**

**ဒေါက်တာနန်းလှဲ့ရည်စိုး**။ ။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ်ဆိုရင် တစ်နေရာထဲမှာ ရင်းနှီးမြှုပ်နှံမှာထက်စာရင် နည်းနည်းစီနေရာခွဲပြီး ရင်းနှီးမြှုပ်နှံသင့်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် တချို့တွေက ရွှေဝယ်တာကြိုက်တယ်။

စာမျက်နှာ ၁၁ သို့ ✪

❂ စာမျက်နှာ ၁၀ မှ
တချို့က အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံကြတယ်။ တချို့ကဘဏ်မှာပဲ စုဆောင်းတယ်။ အဲဒါတွေအပြင် အစုရှယ်ယာဈေးကွက် (Stock Market) ပေါ်လာတဲ့ အတွက်ကြောင့် အဲဒီမှာလည်း ရင်းနှီးမြှုပ်နှံသင့်တယ်လို့ အကြံပေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာရင်းနှီးမြှုပ်နှံတဲ့အခါ ကာလရှည်အတွက် အကျိုးအမြတ်အများကြီးကို ရရှိစေပါတယ်။ စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်လိုက်တယ်ဆိုရင် ကုမ္ပဏီရဲ့ တစ်စိတ်တစ်ဒေသကို ပိုင်ဆိုင်တာနဲ့အတူတူပဲ။ ဒုတိယဝန်ကြီး ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပါတယ်။

ကုမ္ပဏီကမြတ်မယ်ဆိုရင် ကျွန်မတို့အမြတ်ဝေစုရမယ်။ ရှယ်ယာဈေးတွေ တက်သွားမယ်ဆိုရင် အမြတ်ငွေရရှိမယ်။ ကုမ္ပဏီမှာ အစုရှယ်ယာဝယ်ရင် ဘယ်အချိန်မှာဝယ်သင့်သလဲဆိုတော့ စတော့ရှယ်ယာဈေးကွက်မှာ အတက်နဲ့အကျဆိုတာတော့ ရှိတယ်။ အကျမှာ ဝယ်ပြီးတော့မှ အတက်မှာ ရောင်းသင့်တယ်။ အခုမြန်မာနိုင်ငံမှာဖြစ်နေတဲ့ အနေအထားက ကျတဲ့အချိန်ဆိုရင် အားလုံးက ဒီထက်ကျသွားမှာ စိုးရိမ်တဲ့အတွက်ကြောင့် အပြိုင်အဆိုင်ရောင်းကြတယ်။ အဲဒီအတွက်ကြောင့် ဈေးက ပိုပြီးတော့မှ ကျသွားတယ်။ တက်တဲ့အချိန်မှာ အပြေးလိုက်ဝယ်တယ်။ ဘာလို့လဲဆိုတော့ ဈေးကတက်သွားမှာစိုးလို့ အဲဒီလိုမျိုးပြောင်းပြန်တွေဖြစ်နေတယ်။

အမှန်တကယ်တော့ ဈေးကျနေတဲ့အချိန်မှာ ဝယ်ထားပြီးတော့ ဈေးတက်တဲ့အချိန်မှာ ရောင်းသင့်တယ်။ စတော့ရှယ်ယာရဲ့ သဘောသဘာဝကလည်း စက်ဝိုင်းလိုဖြစ်နေတယ်။ တက်သွားတယ်ဆိုရင် ပြန်ကျတယ်။ ကျသွားပြီးတဲ့အချိန်မှာ ပြန်တက်လာတတ်တယ်။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စတော့အိတ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီရဲ့ အချက်အလက်တွေကို သေချာလေ့လာဆုံးဖြတ်ချက်ချပြီးတော့ ဈေးကျတဲ့အချိန် ပေါင်းစပ်ပြီး ဝယ်သင့်တယ်လို့ အကြံပေးချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒုတိယဝန်ကြီးကို မေးလိုတာက စတော့ ရှယ်ယာဈေးကွက် တိုးတက်အောင် ကော်မရှင်အနေနဲ့ ဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ။**

**ဒုတိယဝန်ကြီး ။** ။ ကျွန်တော်တို့ စကားဝိုင်း ပထမပိုင်းမှာ ဆွေးနွေးခဲ့တဲ့ Four I ဖြစ်တဲ့ Issuer၊ Investor၊ Infrastructure နဲ့ Intermediary အပိုင်းတွေမှာ စတော့အိတ်ချိန်းလည်း ထောင်ထားတယ်၊ Infrastructure တွေဖြစ်တဲ့ ICT Platform တွေ လုပ်ပေးထားတယ်။ ဒါကြောင့် နိုင်ငံတော်အပိုင်းကတော့ ကျွန်တော်တို့ လုပ်ပေးရမယ့်တာဝန်တွေကို ကျွန်တော်တို့ ကြိုးပမ်းပြီးတော့ ပြည့်စုံအောင်ဖြည့်ဆည်းပေးထားတယ်လို့ ဆိုချင်ပါတယ်။

အဲဒီတော့ Issuer အပိုင်းနဲ့ Investor အပိုင်းပဲ ကျန်ပါတယ်။ Issuer အပိုင်းလည်း တိုးတက်လာဖို့ လိုပါတယ်။ Investor ကလည်း များများသိပြီး များများ ရွေးချယ်ပြီးတော့ ရင်းနှီးမြှုပ်နှံကြခြင်းအားဖြင့် ကာလရှည်မှာ အကျိုးအမြတ်တွေ ရလာနိုင်မှာပါ။ ကမ္ဘာမှာ အာရှမှာ အချမ်းသာဆုံးဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ကြည့်ရင်လည်း အရင်းအနှီးဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံပြီးတော့ ချမ်းသာလာကြတဲ့လူတွေပဲ ဖြစ်ပါတယ်။ အရင်းအနှီးဈေးကွက်ဆိုတဲ့ သဘောကတော့ ကာလတိုအတွက် ကြည့်တာမဟုတ်ပါဘူး။

ကာလရှည်အတွက်ကိုကြည့်ပြီးတော့ ရင်းနှီးကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်မှာ Special Task Force (STF) ဆိုပြီး ဖွဲ့ထားပါတယ်။ STF ဦးဆောင်ပြီးတော့ စာရင်းဝင်ကုမ္ပဏီတိုးပွားလာစေဖို့ ဆောင်ရွက်နေပါတယ်။ လိုအပ်နေသည်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒါကြောင့်မေးမြန်းချင်တာရှိရင် အချိန်မရွေး ကော်မရှင်ကို ဆက်သွယ်ပြီးတော့ မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်စတော့အိတ်ချိန်းတို့၊ ကော်မရှင်တို့ဆိုတာ ရန်ကုန်မြို့ရဲ့ အချက်အချာနေရာဖြစ်တဲ့ ဆူးလေဘုရားလမ်းမှာ ရှိပါတယ်။ အချိန်မရွေး မေးမြန်းလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးစားဆောင်ရွက်ပါမယ်လို့ ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့
# WORLD SIGHT DAY
World Health Organization
## အောက်တိုဘာလ(၁၁)ရက်၊ ကြာသပတေးနေ့
## “ Eye Care Everywhere ”
## “ မျက်စိအမြင်ကောင်းမွန်ဖို့ နေရာမရွေးစောင့်ရှောက်စို့ ”

## ထိုင်း၌ စာရွက်စာတမ်းအတုဖြင့် အလုပ်သမားများဖမ်းဆီးခံရ MoU စနစ်ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်ရန်လို

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများအား စေလွှတ်ရာတွင် MoU စနစ်ဖြင့်သာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် စေလွှတ်လျက်ရှိသည်။

ယင်းသို့ စေလွှတ်ရာတွင် မြန်မာအလုပ်သမားများအား အလုပ်ခန့်ထားလိုသည့် ထိုင်းအလုပ်ရှင်သည် ယင်းလုပ်ငန်းခွင်၌ အလုပ်သမားလိုအပ်ကြောင်း အလုပ်ကမ်းလှမ်းလွှာကို သက်ဆိုင်ရာနယ်မြေ အလုပ်သမားရုံးမှတစ်ဆင့် ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနသို့ တင်ပြခြင်း၊ ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနမှ ခွင့်ပြုချက်ရရှိပါက ထိုင်းအေဂျင်စီများမှ မြန်မာအေဂျင်စီများဖြင့် ချိတ်ဆက်၍ အလုပ်ကမ်းလှမ်းလွှာအား အလုပ်သမား သံအရာရှိမှတစ်ဆင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တင်ပြခြင်း၊ အဆိုပါအလုပ်ကမ်းလှမ်းလွှာအား ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ထိုင်းနိုင်ငံအလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ ကိုယ်စားလှယ်မှ မြန်မာနိုင်ငံသို့ လာရောက်ပြီး အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အလုပ်သမားများအတွက် ထိုင်းနိုင်ငံမှ ပြည်ဝင်ခွင့်ဗီဇာရရှိပါက ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားပြုလုပ်ပေး၍ အလုပ်ရှင်ကိုယ်စားလှယ်နှင့်အတူ မြဝတီမြို့ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးမှတစ်ဆင့် လုပ်ငန်းခွင်သို့ စေလွှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားအချို့သည် ပွဲစားများဖြင့်ချိတ်ဆက်၍ နိုင်ငံကူးလက်မှတ်ပြုလုပ်ပြီး တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် သွားရောက်မှုများကြောင့် စာရွက်စာတမ်းအတု ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရသည့်ဖြစ်စဉ်များ မကြာခဏဖြစ်ပွားလျက်ရှိသည်။

မြန်မာအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရာတွင် နိုင်ငံကူးလက်မှတ်ရှိရုံဖြင့်မရဘဲ ဗီဇာရရှိမှသာ ထိုင်းနိုင်ငံတွင် နေထိုင်နိုင်မည်ဖြစ်၍ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိမှသာ အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သတိပြုရန် လိုအပ်သည်။

နိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိသော်လည်း အချို့အလုပ်သမားများသည် လုပ်ငန်းခွင်ပြောင်းရွှေ့လုပ်ကိုင်မှုများကြောင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ပါအလုပ်ရှင်နှင့် လက်ရှိလုပ်ကိုင်နေသည့်အလုပ်ရှင် ကွဲလွဲမှုများကြောင့် ဖမ်းဆီးခံရသည့်ဖြစ်စဉ်များလည်း ဖြစ်ပေါ်လျက်ရှိသည်။

စာရွက်စာတမ်းအတု ကိုင်ဆောင်မှုသည် ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေ ၂၆၉/၁၃ အရ ထောင်ဒဏ် ၁ နှစ်မှ ၁၀ နှစ်ထိနှင့် ငွေဒဏ် အနည်းဆုံး ဘတ်တစ်သောင်းမှ ဘတ်နှစ်သိန်းထိ ပြစ်ဒဏ်ချမှတ်နိုင်၍ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် နှစ်နိုင်ငံ တရားဝင်လက်မှတ်ရေးထိုးထားသည့် MoU စနစ်ဖြင့်သာ တရားဝင်သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါကြောင်း သတိပေးကြေညာအပ်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**



## ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ရှာဖွေ စစ်ဆေးဆောင်ရွက်

**လယ်ဝေး အောက်တိုဘာ ၄**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် မှုခင်းလျော့နည်းကျဆင်းစေရေးအတွက် လယ်ဝေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်ဇေယျာလင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပါဝင်၍ မှုခင်းလျော့နည်းစေရေးအတွက် လယ်ဝေးမြို့ အမှတ် ၇ ရပ်ကွက် အေလမ်းဆုံ၌ အောက်တိုဘာ ၂ ရက် ည ၈ နာရီက မော်တော်ယာဉ်ကြီး/ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်တို့အား ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၀၇**

## စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၄**
မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၉)တွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ သန်လျင်မောင်မောင်ဦး၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)၊ သျှီ(အင်ကြင်း)၊ ပုသိမ်အောင်သန်းဦး၊ စိုးမှူးနှင့် မောင်စိုးထိုက်(သုံးဆယ်)တို့က သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလကို နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်သင်တန်းကြေး ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးအမှတ် ၁၇၃/၁၇၅ ၇ လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးရေး ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်

**မှော်ဘီ အောက်တိုဘာ ၄**
ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာနှင့် ဆယ်မားအူးလ်ကျေးရွာသစ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသည့် ရိုးဝကျေးရွာသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး ရိုးဝစံပြကျေးရွာရှိ ကောင်းသန့်မျိုးသန့်မျိုးစေ့ထုတ် သမဝါယမအသင်းသားများ စိုက်ပျိုးထားရှိသည့် မျိုးသန့်မျိုးစေ့ထုတ် စပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရိုးဝကျေးရွာ ဆယ်မားအူးလ်ကျေးရွာသစ်လှုပ်ရှားမှုခန်းမ၌ တောင်သူများနှင့်တွေ့ဆုံပြီး ကျေးရွာသစ်လှုပ်ရှားမှုသည် လယ်ယာကဏ္ဍစိုက်ပျိုးမွေးမြူရေးကိုအခြေခံလျက် ဆောင်ရွက်နေပြီး ကျေးရွာတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးရေးအတွက် ကျေးရွာသူ ကျေးရွာသားများက အတူတကွ ပူးပေါင်းဆောင်ရွက်လိုခြင်း၊ ကိုယ်ထူကိုယ်ထရှိခြင်း စသည့် စိတ်ဓာတ်ကောင်းများဖြင့် ဆောင်ရွက်သွားကြရန်ဆွေးနွေးမှာကြားပြီး ကျေးရွာအတွက် လိုအပ်လျက်ရှိသည့် ကွန်ပျူတာတစ်စုံကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် အိန္ဒိယနိုင်ငံသို့ သမ္မတပူတင် ရောက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နှစ်ရက်ကြာခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ အောက်တိုဘာ ၄ ရက်တွင် ရောက်ရှိလာသည်။ အိန္ဒိယနှင့် ရုရှားတို့၏ နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် သမ္မတပူတင်လာရောက်ခြင်းဖြစ်ပြီး ၎င်း၏ခရီးစဉ်အတွင်း ကာကွယ်ရေး၊ အဏုမြူစွမ်းအင်၊ အာကာသနှင့် စီးပွားရေးတို့အပါအဝင် နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးပြုလုပ်နိုင်မည့် သဘောတူညီချက်ပေါင်း ၂၀ ခန့်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။



သမ္မတပူတင်၏ ခရီးစဉ်အတွင်း အရေးအကြီးဆုံး သဘောတူညီချက်မှာ အက်စ်-၄၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ် ရောင်းချပေးရေးဆိုင်ရာ သဘောတူညီချက်ဖြစ်သည်။ ရုရှားလုပ်ကာကွယ်ရေးစနစ်များ ဝယ်ယူသောနိုင်ငံများအား စီးပွားရေးပိတ်ဆို့မှုပြုလုပ်မည်ဟု အမေရိကန်အစိုးရအဖွဲ့က ခြိမ်းခြောက်ထားလင့်ကစား ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်စနစ် ရောင်းချပေးရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

၂၀၁၆ ခုနှစ်တွင် ရရှိခဲ့သော သဘောတူညီချက်အရ အိန္ဒိယနိုင်ငံသည် အက်စ်-၄၀၀ အမျိုးအစားလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ် ငါးခုကို ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအား ရုရှားက ဒုံးလက်နက်များ ရောင်းချပေးခြင်းကို အမေရိကန်နှင့် တရုတ်နိုင်ငံတို့က လိုလားခြင်းမရှိဘဲ ရုရှားလက်နက်များ ဝယ်ယူခြင်းမပြုရန် တိုက်တွန်းခဲ့သည်။

အက်စ်-၄၀၀ အမျိုးအစားဒုံးကျည်များကို အိန္ဒိယ လက်ခံရရှိခြင်းဖြင့် အဆင့်မြင့် စစ်ရေးနည်းပညာကို ယင်းနိုင်ငံပိုင်ဆိုင်လာနိုင်မည်ဟု အမေရိကန်က ရှုမြင်သည်။

ခေါင်းဆောင်နှစ်ဦး၏ အောက်တိုဘာ ၅ ရက် ထိပ်သီးဆွေးနွေးပွဲတွင် အိန္ဒိယ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။ အင်ဒရာ-၂၀၁၈ ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၁၈ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ရန် စီစဉ်ထားသည်။

**အေအက်ဖ်ပီ**



# ထိုင်းတောဝက်အသင်းလူငယ်ဘောလုံးသမားများ နိုင်ငံတကာခရီးစဉ်စတင်

**ဗန်ကောက် အောက်တိုဘာ ၄**

ထိုင်းနိုင်ငံ၌ ရေလွှမ်းနေသော လိုဏ်ဂူအတွင်း ပိတ်မိခဲ့ပြီးနောက် အသက်ရှင်လွတ်မြောက်ခဲ့သူများအဖြစ် တစ်ကမ္ဘာလုံးကို အံ့အားသင့်စေခဲ့သည့် တောဝက်အသင်းမှလူငယ်ဘောလုံးသမား ၁၂ ဦးနှင့် ၎င်းတို့၏ နည်းပြတို့သည် နိုင်ငံတကာလှည့်လည်သွားလာသည့်ခရီးစဉ်ကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၃ ရက်တွင် စတင်သည့် ၁၇ ရက်ကြာ ခရီးစဉ်၏ ပထမဆုံးခရီးတစ်ထောက်နိုင်ငံအဖြစ် အာဂျင်တီးနားနိုင်ငံသို့ သွားရောက်ပြီး နွေရာသီလူငယ် အိုလံပစ်ပွဲတော်သို့ တက်ရောက်မည်ဖြစ်သည်။

ထိုင်းအသင်းသည် အာဂျင်တီးနား ပြည်တွင်းလူငယ်ဘောလုံးအသင်းတစ်သင်းနှင့် ချစ်ကြည်ရေးပွဲကစားမည်ဖြစ်ပြီး အိုလံပစ်ကော်မတီအကြီးအကဲသောမတ်စ်ဘတ်ခ်နှင့်အတူ ညစာစားရန်လည်း စီစဉ်ထားသည်။

ခရီးစဉ်အတွင်း အမေရိကန်ပြည်ထောင်စု နယူးယောက်နှင့် လော့စ်အိန်ဂျလိစ်မြို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး ရုပ်သံအင်တာဗျူးများပြုလုပ်ခြင်းနှင့် အရေးပါသော တွေ့ဆုံပွဲများ ပြုလုပ်ခြင်းတို့ရှိမည်ဖြစ်ကာ ယူနီဗာဆယ် စတူဒီယိုသို့လည်း သွားရောက်လေ့လာကြည့်ရှုကြမည်ဖြစ်သည်။

ရေလွှမ်းနေသော လိုဏ်ဂူအတွင်း သီတင်းပတ်နှစ်ပတ်ကျော်မျှ ပိတ်မိခဲ့ကြပြီးနောက် နိုင်ငံတကာကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဇူလိုင်လအတွင်း ၎င်းတို့ကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယား အဆင့်မြင့်သံတမန်တစ်ဦး ပေကျင်းမြို့သို့ ရောက်ရှိ

**ပေကျင်း အောက်တိုဘာ ၄**

အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးပွဲမပြုလုပ်မီ မြောက်ကိုရီးယားအဆင့်မြင့်သံတမန်တစ်ဦး ပေကျင်းမြို့သို့ ရောက်ရှိလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဒုတိယဝန်ကြီး ချိုဆွန်ဟွီသည် အောက်တိုဘာ ၄ ရက်က ပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။

ဝန်ကြီး ချိုဆွန်ဟွီသည် အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများကို ကာလရှည်ကြာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ပြီးခဲ့သော အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးမကျင်းပမီ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ကိုယ်စားလှယ်အား တရုတ်နိုင်ငံသို့ စေလွှတ်ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အလားတူ အဖွဲ့ဝင် ၁၆၀ ပါသည့် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးအတွက် ၂၀၀၇ ခုနှစ် ကြေညာချက်ကို လက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအခမ်းအနားတစ်ရပ်ကျင်းပရန် ပြုံယမ်းသို့ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လေယာဉ်ပြေးလမ်းများ ပြုပြင်ထိန်းသိမ်းနိုင်ရန် အိန္ဒိယရှိ အဓိကလေဆိပ်နှစ်ခုကို ပိတ်မည်

**နယူးဒေလီ အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံ၏ ခရီးသည် အဝင်အထွက် အများဆုံးလေဆိပ်နှစ်ခုဖြစ်သည့် မွမ်ဘိုင်းမှ ချာတရာပါတီ ရှိဗားဂျီးလေဆိပ်နှင့် မြို့တော် နယူးဒေလီရှိ အင်ဒီရာဂန္ဒီ လေဆိပ်တို့ရှိ လေယာဉ်ပြေးလမ်းများ ပြုပြင်နိုင်ရန်အတွက် ယင်းလေဆိပ်များကို ပိတ်ထားမည်ဖြစ်ကြောင်း အိန္ဒိယမြို့ပြလေကြောင်းတာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

ဘဏ္ဍာရေးမြို့တော် မွမ်ဘိုင်းမြို့ရှိ ချာတရာပါတီ ရှိဗားဂျီးလေဆိပ်သည် လေယာဉ်ပြေးလမ်းနှစ်လမ်းရှိပြီး မြို့တော် ဒေလီရှိ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ပြေးလမ်း သုံးလမ်းရှိသည်။ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် တစ်နာရီလျှင် လေယာဉ် ၇၅ စင်းအတွက် လေဆိပ်ဝန်ဆောင်မှုပေးနေရပြီး အိန္ဒိယနိုင်ငံတွင် လေယာဉ်အဆင်းအတက် အများဆုံး လေဆိပ်ဖြစ်သည်။

မွမ်ဘိုင်းမြို့ လေဆိပ်၏ လေယာဉ်ပြေးလမ်းများ ပြင်ဆင်ခြင်းနှင့် မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများကို ယခုနှစ် အောက်တိုဘာလမှ လာမည့်နှစ် မတ်လအထိ ကာလအတွင်းအဆင့်နှစ်ဆင့် သတ်မှတ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။

မြို့တော်ဒေလီရှိ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ပြေးလမ်း ပြင်ဆင်မှုလုပ်ငန်းကိုမူ ယခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၃ ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့ပြလေကြောင်း သတင်းများအရ သိရသည်။

ယင်းလေဆိပ်နှစ်ခုရှိ လေယာဉ်ပြေးလမ်းများ ပိတ်ထားခဲ့ရမှုကြောင့် လေယာဉ်ခရီးစဉ် ထောင်ပေါင်းများစွာ ထိခိုက်စေနိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၏ လမ်းညွှန်ချက်အရ လေယာဉ်ပြေးလမ်းများ၏ သက်တမ်းကို နှစ် ၂၀ သတ်မှတ်ထားသည်။ လေဆိပ်အား ကိုင်တွယ်ထိန်းကျောင်းအသုံးပြုသူများအနေဖြင့် လေယာဉ်ပြေးလမ်းများကို ငါးနှစ်လျှင် တစ်ကြိမ်ပြုပြင်မှု ပြုလုပ်ရန် သတ်မှတ်ထားသည်။



**အေအက်ဖ်ပီ**




# ဘဲလ်ဂရိတ်ကို ပီအက်စ်ဂျီ အနိုင်ရရှိခဲ့ရာတွင် တိုက်စစ်မှူး နေမာ ဟက်ထရစ်ဂိုးသွင်းယူ

ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ဘဲလ်ဂရိတ်အသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ဘဲလ်ဂရိတ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး နေမာသည် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့ပြီး ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ကာဗာနီက တစ်ဂိုး၊ ဒီမာရီယာက တစ်ဂိုး၊ အမ်ဘတ်ပီက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးနေမာသည် ၂၀၀၉ ခုနှစ်က အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည့် စီရိုနယ်လ်ဒို၏ သွင်းဂိုးနောက်ပိုင်း ချန်ပီယံလိဂ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့်နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

အုပ်စု(C)၌ လက်ရှိ နှစ်ပွဲကစားပြီးချိန်တွင် နာပိုလီအသင်းသည် လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့ပြီးနောက် တစ်ပွဲနိုင်တစ်ပွဲသရေရလဒ်ဖြင့် ရမှတ်လေးမှတ်ရရှိထားကာ အုပ်စုအဆင့်တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

လီဗာပူးအသင်းမှာမူ ပီအက်စ်ဂျီအသင်းကိုအနိုင်ရရှိခဲ့ပြီး နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ရမှတ်သုံးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ပီအက်စ်ဂျီအသင်းမှာမူ ဘဲလ်ဂရိတ်အသင်းကို အနိုင်ရရှိကာ ရမှတ်သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

## ချန်ပီယံလိဂ်ရလဒ်များ

| | | |
|---|---|---|
| ပီအက်စ်ဂျီ | ၆ - ၁ | ဘဲလ်ဂရိတ် |
| လိုကိုမိုးတစ် | ၀ - ၁ | ရှော်လ်ကေး |
| အေတီမတ် | ၃ - ၁ | ဘရူဂျီ |
| စပါး | ၂ - ၄ | ဘာစီလိုနာ |
| နာပိုလီ | ၁ - ၀ | လီဗာပူး |
| ဒေါ့မွန် | ၃ - ၀ | မိုနာကို |
| ပီအက်စ်ဗွီ | ၁ - ၂ | အင်တာမီလန် |
| ပေါ်တို | ၁ - ၀ | ဂါလာတာစာရေး |

ငွေကြယ် - ရေးသားသည်

# စကော့တလန်၊ ပိုလန်တို့နှင့် ကစားမည့်ပွဲစဉ်များတွင် ပေါ်တူဂီအသင်းနှင့်အတူ စီရိုနယ်လ်ဒို ပါဝင်လာမည်မဟုတ်




ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုလအတွင်း စကော့တလန်အသင်း၊ ပိုလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာပွဲစဉ်များတွင် ပေါ်တူဂီအသင်းနှင့်အတူ ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် စက်တင်ဘာလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီအသင်း၏ နိုင်ငံတကာပွဲစဉ်များတွင်လည်း ပါဝင်ကစားခွင့်မရရှိခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (ဘလွန်းဒီအောဆု)ကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့သည့် စီရိုနယ်လ်ဒိုသည် ၂၀၁၆ ခုနှစ်အတွင်းက နိုင်ငံအသင်းအတွက် ၁၅၄ ပွဲတွင် ၈၅ ဂိုးသွင်းယူနိုင်ခဲ့ကာ ယူရို ၂၀၁၆ ဆုဖလားကိုလည်း ရယူနိုင်ခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၉၉ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

# ပရီမီယာလိဂ်ထိပ်ဆုံးနေရာအတွက် အန်ဖီးလ်တိုက်ပွဲ

ရှိုင်းမင်းမင်း

## ၂၀၁၈-၁၉ ပရီမီယာလိဂ်ရင်ခုန်သံ-၈

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် ၈ မှာ လီဗာပူးဟာ မန်စီးတီးကိုအိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးက ထိပ်ဆုံးမှာရှိနေပေမယ့် လီဗာပူးနဲ့အမှတ်တူ၊ ဂိုးကွာခြားချက် အသာရထားလို့ ဒီပွဲက ထိပ်ဆုံးနေရာလုမယ့်ပွဲ ဖြစ်လာနိုင်ကာ အကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။

### ဘရိုက်တန် - ဝက်စ်ဟမ်း (နံနက် ၁း၃၀၊ ၆-၁၀-၁၈)

အခုနောက်ပိုင်း ဝက်စ်ဟမ်းရဲ့ခြေက ကောင်းမွန်မှုရှိလာပါတယ်။ မန်ယူကိုအနိုင်ရယူနိုင်ခဲ့သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဘရိုက်တန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုအချို့ရှိနေကာ နောက်ဆုံး ငါးပွဲဆက်တိုက် အနိုင်မရခဲ့သလို ခံစစ်ပိုင်းကလည်း ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဝက်စ်ဟမ်းတို့အနိမ့်ဆုံးသရေလောက် ကစားနိုင်ဖို့ရှိတယ်။

### ဘန်လေ - ဟတ်ဒါဖီးလ် (ည ၈း၃၀၊ ၆-၁၀-၁၈)

ဘန်လေတို့ ယူရိုပါလိဂ်ကနေရော လိဂ်ဖလားပွဲကပါ ထွက်ခဲ့ရတာကြောင့် ပရီမီယာလိဂ်ကို အာရုံစိုက်ကစားနေသလို အခုနောက်ပိုင်းမှာလည်း ခြေစွမ်းပိုင်းတိုးတက်လာတယ်။ အိမ်ကွင်းပွဲလည်း ဖြစ်နေတာကြောင့် ဘန်လေတို့ ဒီပွဲမှာလည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဟတ်ဒါဖီးလ်ကတော့ အမှတ်ပေးဇယား အောက်ဆုံးကို ရောက်နေတဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေကာ တိုက်စစ်ပိုင်းကလည်း အားနည်းနေလို့ ဘန်လေသာ နိုင်ပွဲရဖို့ရှိတယ်။

### ပဲလေ့စ် - ဝုဖ် (ည ၈း၃၀၊ ၆-၁၀-၁၈)

ပဲလေ့စ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အနည်းငယ်အားနည်းနေပါတယ်။ အထူးသဖြင့် ပဲလေ့စ်ဟာအိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းအားနည်းမှုတွေရှိနေပြီး အိမ်ကွင်းသုံးပွဲကစားပြီးချိန်မှာ တိုက်စစ်က တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိခဲ့ပါဘူး။ ဝုဖ်ကလည်း အဝေးကွင်းမှာ တိုက်စစ်အားနည်းလို့ သွင်းဂိုးအနည်းနဲ့ သရေကျနိုင်တယ်။

### လက်စတာ - အဲဗာတန် (ည ၈း၃၀၊ ၆-၁၀-၁၈)

လက်စတာအနေနဲ့ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိလာပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေသလို အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အဲဗာတန်ကလည်း ခြေစွမ်းပိုင်း ကောင်းမွန်နေတဲ့အသင်းဖြစ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေကောင်းမွန်နေပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတတ်ပါတယ်။ လက်စတာတို့ အိမ်ကွင်းမှာ နိုင်ပွဲကပ်ပြီး ရယူသွားနိုင်ဖို့ရှိနေပါတယ်။

### စပါး - ကာဒစ်ဖ် (ည ၈း၃၀၊ ၆-၁၀-၁၈)

ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် စပါးတို့ပွဲပန်းမှု ရှိလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက်တော့ အားစိုက်ကစားလာမှာပါ။ အထူးသဖြင့် ကာဒစ်ဖ်ဟာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာကြောင့် စပါးတိုက်စစ်အခွင့်အရေးရနိုင်ပါတယ်။ စပါးကသာ နိုင်ပွဲရဖို့ရှိပါတယ်။

### ဝက်ဖို့ဒ် - ဘုန်းမောက် (ည ၈း၃၀၊ ၆-၁၀-၁၈)

နောက်ပိုင်းမှာ ဝက်ဖို့ဒ်တို့ နိုင်ပွဲတွေ ပျောက်ဆုံးနေပါတယ်။ ဒီလို သုံးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့်လည်း အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဘုန်းမောက်ကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတတ်တာကြောင့် ဒီပွဲမှာတော့ ဝက်ဖို့ဒ်တို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းပြန်ရနိုင်ပါတယ်။

### မန်ယူ - နယူးကာဆယ် (ည ၁၁း၀၀၊ ၆-၁၀-၁၈)

ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့ရပြီး ဖိအားတွေများနေတဲ့မန်ယူအနေနဲ့ ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းမှာ အားနည်းမှုတွေရှိနေတဲ့အပြင် ချန်ပီယံလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ နယူးကာဆယ်ကတော့ တိုက်စစ်အားနည်းပေမယ့် ခံစစ်ကစားပုံကောင်းမွန်တတ်တဲ့ အသင်းဖြစ်တယ်။ မန်ယူအနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ဖူလ်ဟမ် - အာဆင်နယ် (ညနေ ၅း၃၀၊ ၇-၁၀-၁၈)

အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်သလို အဝေးကွင်းပွဲလည်းဖြစ်နေပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ ကောင်းမွန်နေပါတယ်။ ဖူလ်ဟမ်ကတော့ အိမ်ကွင်းဖြစ်ပေမယ့်လည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့်လည်း အာဆင်နယ်တို့ အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဆောက်သမ်တန် - ချယ်လ်ဆီး (ည ၇း၄၅၊ ၇-၁၀-၁၈)

ဆောက်သမ်တန်က အိမ်ကွင်းအားနဲ့တုံ့ပြန်ကစားနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေပါတယ်။ ချယ်လ်ဆီးကတော့ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် ခြေစွမ်းပိုင်း ကောင်းမွန်နေပါတယ်။ ဟာဇက်၊ ဂျော်ဂျင်ဟိုတို့ ခြေစွမ်းပြနေလို့ ကွင်းလယ်ပိုင်းရော ထိုးဖောက်အားပါ ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးကသာ နိုင်ပွဲရသွားနိုင်တယ်။

### လီဗာပူး - မန်စီးတီး (ည ၁၀း၀၀၊ ၇-၁၀-၁၈)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဒီနှစ်သင်းဟာ အမှတ်တူအနေအထားနဲ့ ဂိုးကွာခြားချက်အရ အဆင့် ၁ နဲ့ ၂ ဖြစ်နေတာကြောင့် ဒီပွဲအနိုင်၊ အရှုံးဟာ ထိပ်ဆုံးနေရာရပ်တည်မှုအတွက် အရေးပါတဲ့ပွဲ ဖြစ်လာနိုင်ပါတယ်။ လက်ရှိအချိန်မှာနှစ်သင်းစလုံးရဲ့ ခြေစွမ်းကလည်း ကောင်းမွန်နေသလို ချန်ပီယံလိဂ်ကစားခဲ့ရမှာချင်းလည်းတူနေပေမယ့် လီဗာပူးက အိမ်ကွင်းဖြစ်နေတယ်။ ကလော့ လက်ထက်မှာလည်း အန်ဖီးလ်မှာ မန်စီးတီးကို လီဗာပူး မရှုံးသေးပါဘူး။ လီဗာပူး သရေလောက် ထိန်းနိုင်ဖို့ရှိပါတယ်။

# ပျော်ဘွယ်မြို့နယ်၌ ကားရထားလမ်းဘီးချော်ပြီး တိမ်းမှောက်မှုဖြစ်ပွား

**ပျော်ဘွယ် အောက်တိုဘာ ၄**

နတ်မောက်မြို့နယ် လဲဘူးဘူတာမှ ပျော်ဘွယ်ဘူတာသို့ ထွက်ခွာလာသော ပျော်ဘွယ်-နတ်မောက် အမှတ်(၃) အဆန် ကားရထားမှာ ယနေ့နံနက်ပိုင်းက ရထားလမ်းဘီးချော်ပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လဲဘူးဘူတာမှ ထွက်ခွာလာသော အမှတ်(၃)အဆန် စက်ခေါင်းတွဲအမှတ်(RBE-2550) စက်ခေါင်းမောင်း ကိုနိုင်မင်းထွန်း မောင်းနှင်လာသော ကားရထားမှာ ပျော်ဘွယ်မြို့နယ် ရေငံကျေးရွာနှင့် ယုန်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂၉၁/၁ နှင့် ၂၉၁/၅ အကြားတွင် ရထားလမ်းဘီးချော်ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးပြည့်ဖြိုးနှင့် တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာများ ရရှိခဲ့သည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးအား ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျန်ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသမီး ကိုးဦးအား ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၄၅၀ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆ သန်း) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀ ဒသမ ၀၅၀ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လားရှိုး-ရေပူအကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှောင်တခင် စစ်ဆေးမှုဆောင်ရွက်စဉ် ရေပူရွာအနီး မိုင်တိုင် အမှတ်(၁၉၈)မိုင် (၁)ဖာလုံအနီး ရပ်တန့်ထားသော Mitsubishi Canter ခြောက်ဘီးယာဉ် တစ်စီး၊ Nissan UD ၁၂ ဘီးယာဉ်တစ်စီးနှင့် Isuzu Giga ၁၂ ဘီးယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွေ ၄ ဒသမ ၄၈၃၆ တန်၊ မီးသွေးအိတ် ၁၀၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၄၅၀ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၄**

မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာ အမှတ် ၁ ရပ်ကွက်ရှိ လှမြင့်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၂ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီခွဲတွင် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာနေ ဝင်းနောင်အား ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကာ ယင်းမူးယစ်ဆေးဝါးများကို တစ်ရွာတည်းနေ လောလု(ခ)လိချိန်စာထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သဖြင့် လှမြင့်၊ ဝင်းနောင်နှင့် လောလု(ခ)လိချိန်စာ(ဖမ်းမမိသေး)တို့ကို လည်းကောင်း။



အားဟိုး(ခ)အားယိုးနှင့် ပီဆာတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် (B)လမ်းရှိ ညီညီစိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် တူမီးသေနတ် တစ်လက်၊ မှန်တင်ခုံအံဆွဲအတွင်းမှ ပွိုင့် ၂၂ ကျည် ၄၇ တောင့်၊ လက်ကိုင်ဖုန်း တစ်လုံး၊ ခြံဝင်းအတွင်းရှိ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဧဒင်ကျေးရွာ အေးရိပ်မြိုင်လမ်းတွင် အားဟိုး(ခ)အားယိုး မောင်းနှင်ပြီး ပီဆာ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် ပွိုင့် ၄၅ ကျည် ၄၅ တောင့်၊ ထိုင်းဘတ်ငွေ ၃၀၁၅၀၊ မြန်မာငွေကျပ် ၁၃၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တိန်းလုံကျေးရွာအုပ်စု စန်းဆာကျေးရွာရှိ မအေးယွမ်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ခင်ပွန်းဖြစ်သူ စိုင်းရီလှိုင်က ဝယ်ယူခဲ့ပြီး သုံးစွဲ၊ ရောင်းချရာမှ ကျန်ရှိပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် နတ်မြစ်အတွင်း လှေတစ်စင်းနှင့် လူသုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း လှေတစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး၊ မောင်တောမြို့နယ်နေသူ တစ်ဦးတို့အား ငွေကျပ် သိန်း ၅၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နတ်မြစ်အတွင်း ရေယာဉ်နှစ်စင်းဖြင့် ကင်းလှည့်စဉ် ယနေ့နံနက် ၅ နာရီ ကျော်ခန့်တွင် တစ်ဖက်နိုင်ငံသို့ ဦးတည်လှော်ခတ်နေသည့် လှေတစ်စင်းအားတွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ အလီဆူလီဟာမန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ့်မြို့ လဲဒက်(တောင်)ကျေးရွာနေ အဘူဆီးဒီး၊ တစ်ရွာတည်းနေ လူဘမ်းတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သုံးဦးအား စစ်မေးရာ မူးယစ်ဆေးဝါးများမှာ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ အီလီယက်၏ပစ္စည်းများဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူဆိုနီဒုက္ခသည်စခန်းတွင်နေထိုင်သည့် နော်ဘီဟူဆောင်းထံ ပို့ဆောင်ရန်ဖြစ်ကြောင်း၊ အလီဆူလီဟာမန်က ပို့ဆောင်ခ ငွေကျပ် နှစ်သိန်းနှင့် အဘူဆီးဒီးတို့နှစ်ဦးက တာကာငွေ နှစ်သောင်းစီ ရရှိကြောင်း၊ အလီဆူလီဟာမန်က မူးယစ်ဆေးဝါးများအား သရက်အုပ်ကျေးရွာမှ စတင်သယ်ဆောင်လာပြီး တက္ကနာဖ့်မြို့မှ ထွက်ခွာလာသည့် အဘူဆီးဒီးပိုင်လှေနှင့် အောက်တိုဘာ ၃ ရက် ညသန်းခေါင်ယံတွင် ရွက်ညိုတောင်ချောင်းဝ၌တွေ့ဆုံကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဆက်လက်သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



အလီဆူလီဟာမန်၊ လူဘမ်းနှင့် အဘူဆီးဒီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း၌ ကားဘော်ဒီပွင့်ထွက်၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် ၁၃/၄ ၌ အောက်တိုဘာ ၃ ရက်ည ၈ နာရီက ကိုသန်းဆွေ မောင်းနှင်သည့် ပလတ်စတစ်ဖြတ်စအိတ်(ကော်ဖြတ်စ)များ တင်ဆောင်၍ မြဝတီမှ မူဆယ်သို့သွားမည့်ယာဉ်သည် ကုလားမကွေ့ကြောအဆင်းတွင် ကားဘော်ဒီပွင့်ထွက်ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ယာဉ်ဘော်ဒီပွင့်ထွက်မှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ကျောက်မဲခရိုင် အမှတ် ၁၂၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ည ၁၀ နာရီတွင် မန္တလေး-လားရှိုး-မူဆယ်-ဂုတ်တွင်းလမ်းပိုင်း လမ်းပွင့်သွားပြီး အလှည့်ကျစေလွှတ်ကာ ပုံမှန်အတိုင်းသွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ **မြန်မာ ယူ-၂၁ မှ**

ယူ-၂၁(က)အသင်း ပဏာမလူစာရင်းမှ ဂိုးသမား- ဆန်းဆက်နိုင်နှင့် ဘုန်းသစ္စာမင်း၊ နောက်ခံလူ- ဝင်းမိုးကျော်၊ ရဲရင့်အောင်နှင့် စိုးမိုးကျော်၊ ကွင်းလယ်လူ- လွင်မိုးအောင်နှင့် မြတ်ကောင်းခန့်တို့မှာ လက်ရွေးစင်အသင်း လူစာရင်းတွင်လည်း ပါဝင်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး (ခ)အသင်း လေ့ကျင့်မည့်ရက်ကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဒီဇင်ဘာတွင်ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးနှစ်ဦး စကားများရာမှ ဓားထိုးမှုဖြစ်

**ကျောက်တန်း အောက်တိုဘာ ၄**

ကျောက်တန်းမြို့နယ်တွင် အောက်တိုဘာ ၃ ရက်က လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ဘိုးဘွားရိပ်သာ၌ အသက် ၈၃ နှစ်ရှိ အဘိုးနှစ်ဦး ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာရှိ ဘိုးဘွားရိပ်သာတွင် အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီခွဲခန့်က အဘိုးအဆောင်မှ ဦးအေးကျော် ၈၃ နှစ်မှာ ယာနံဘေး ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာလက် ဒဏ်ရာ နှစ်ချက်၊ ဝဲလက်ဖဝါး ပြတ်ရှဒဏ်ရာ နှစ်ချက်တို့ ရရှိခဲ့သည်။ ဖြစ်စဉ်မှာ ဦးအေးကျော်နှင့် ခုတင်မျက်နှာချင်းဆိုင်နေ ဦးသာထွန်း ၈၃ နှစ်က သွေးပေါင်ချိန်စက် ပျက်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး စကားများရာမှ သံပရာသီးလှီးရန်ဆောင်ထားသောဓားဖြင့် ထိုးကြောင်း သိရသည်။ ဒဏ်ရာရရှိသူ ဦးအေးကျော်အား ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ထိုမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တန်းမြို့မ ရဲစခန်းက ဦးသာထွန်းအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဃ) ရေနံထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရာတွင် မြင့်မားသော နည်းပညာ၊ စီးပွားရေးဆိုင်ရာ အခြေခံမူများနှင့်အညီ ဖြစ်နိုင်သမျှ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ရေနံထုတ်လုပ်ခြင်း၊

(င) ရေနံလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် အလုပ်သမားများအား နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် လုပ်ငန်းအမျိုးအစားအလိုက် အာမခံထားရှိပေးခြင်း၊

(စ) ရေနံလုပ်ငန်းများလုပ်ကိုင်ရာတွင် နိုင်ငံသားအလုပ်သမားများ၊ ကျွမ်းကျင်ပညာရှင်များကို ဦးစားပေးခန့်ထားခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်သူနှင့် တစ်ဆင့်ခံကန်ထရိုက်တာများမှလည်း ထိုသို့ခန့်ထားဆောင်ရွက်စေရန်အတွက် တာဝန်ယူခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အပေါ် မူတည်ပြီး နိုင်ငံသားအလုပ်သမားများနှင့် နိုင်ငံသား ကျွမ်းကျင်ပညာရှင်များကို နိုင်ငံခြားသား ကျွမ်းကျင်သူ၊ နိုင်ငံခြားသား အလုပ်သမားများနှင့် တန်းတူခံစားခွင့်ပေးခြင်း၊

(ဆ) ရေနံလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုအပ်သည့် မြေဧရိယာနှင့် ယင်းမြေပေါ်ရှိ အခြေခံအဆောက်အအုံ၊ သီးနှံပင်များအတွက် လျော်ကြေးကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပေးလျော်ခြင်း၊

(ဇ) ခွင့်ပြုထားသောရေနံလုပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ် ရေနံသယံဇာတမဟုတ်သော အခြားသဘာဝသယံဇာတပစ္စည်းတစ်မျိုးမျိုး၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ရတနာသိုက်တစ်ခုခုကို တွေ့ရှိလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်သက်တမ်းကာလအတွင်းဖြစ်စေ၊ သက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ ရေနံလုပ်ငန်း ရပ်စဲသည့်အခါဖြစ်စေ ရေနံလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ(Physical Assests) နှင့် ယင်းလုပ်ငန်းမှ စုဆောင်းရရှိသော အချက်အလက်မှုရင်းများနှင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်း စသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံတကာ ရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဋ) ထွက်ရှိသည့်ရေနံကို ပြည်တွင်းသုံးလိုအပ်ချက်အတွက် လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးခြင်း၊

(ဌ) လုပ်ငန်းအတွက်လိုအပ်သော ပင်မကုမ္ပဏီအာမခံချက် (Parent Company Guarantee) နှင့် လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံချက် (Performance Bank Guarantee)တို့ကို တင်သွင်းခြင်း၊

(ဍ) ရေနံလုပ်ငန်းအတွက်လိုအပ်သည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းမှ ဖြစ်နိုင်သမျှ ဦးစားပေးရယူဆောင်ရွက်ခြင်း၊

(ဎ) ရေနံကိုစီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း ရှာဖွေတွေ့ရှိချက်ကို အတည်ပြုပြီးပါက ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင် စည်းကမ်းချက်တို့နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan)ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဏ) ကုန်းတွင်းပိုင်းဒေသ ရေနံလုပ်ကွက်များတွင် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပြီးစီးသည့်လုပ်ငန်းအလိုက် မူလပတ်ဝန်းကျင်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(တ) ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာစီမံခန့်ခွဲမည့် အစီအစဉ်များ၊ မတော်တဆဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ထ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တွင်းမှထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို လေထုအတွင်းသို့ လွှတ်ထုတ်ခြင်း(venting) သို့မဟုတ် မီးရှို့ခြင်း (flaring) ပြုရန် လိုအပ်ပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဒ) လူမှုစီးပွားအကျိုးပြုလုပ်ငန်း (Corporate Social Responsibility)များအတွက် ဆောင်ရွက်မည့်အစီအစဉ်နှင့် သုံးစွဲမည့်ငွေပမာဏကို ပြုစုရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဓ) ရေနံလုပ်ငန်းတွင် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(န) ထွက်ရှိလာသော ရေနံနှင့် ရောင်းချသောရေနံတို့ကို တိုင်းတာခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ပြုလုပ်ရာတွင် ခေတ်မီသော၊ အရည်အသွေးကောင်းမွန်သော ကိရိယာများကို တပ်ဆင်အသုံးပြုခြင်း၊

(ပ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုထက်ပိုမိုပါက ယင်းတို့အနက်မှ အရည်အချင်းပြည့်ဝပြီး ငွေကြေးခိုင်မာတောင့်တင်း၍ နိုင်ငံတကာ ရေနံလုပ်ငန်းတွင် လက်ခံကျင့်သုံးလျက်ရှိသော အကောင်းဆုံးကျင့်စဉ်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လုပ်ငန်းဆောင်ရွက်သူ (Operator) အဖြစ် ခန့်အပ်၍ ရေနံလုပ်ငန်းအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဦးစီးလုပ်ကိုင် ဆောင်ရွက်စေခြင်း၊

(ဖ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ-မရှိ ဝန်ကြီးဌာနမှ စိစစ်အတည်ပြုနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများနှင့် သတင်းအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားရှိခြင်း၊

(ဗ) ရေနံသိုက်တစ်ခုသည် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ကွက်အပြင် အခြားရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ကွက်အတွင်းသို့ ကျရောက်တည်ရှိနေပါက အဆိုပါလုပ်ကိုင်ခွင့်ရသူများအချင်းချင်း အကျိုးရှိစွာပူးပေါင်း၍ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ သဘောတူညီမှုရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဘ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ အသုံးပြု၍ တည်ဆောက်ခြင်းနှင့် ရေနံလုပ်ငန်းရပ်ဆိုင်းပြီးနောက် လုပ်ငန်းတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းများနှင့် အဆောက်အအုံတို့ကို စနစ်တကျဖြုတ်သိမ်းခြင်း သို့မဟုတ် စီမံထုခွဲခြင်းတို့ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လုံခြုံဘေးကင်းစွာ ဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိခြင်း၊

(မ) ထွက်ရှိသောရေနံနှင့် ရောင်းချသည့်ရေနံတို့ကို နိုင်ငံတကာက လက်ခံကျင့်သုံးသည့်နည်းစဉ်များနှင့်အညီ တိုင်းတာခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ စမ်းသပ်တိုင်းတာသည့် ကိရိယာနှင့် နည်းစဉ်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ယ) အမှန်တကယ်ထုတ်ယူရရှိနိုင်မည့် ရေနံသိုက်ပမာဏကို နိုင်ငံတကာရေနံလုပ်ငန်းတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် အခြားတတိယပုဂ္ဂိုလ်ဖြင့် စစ်ဆေးအတည်ပြုချက်ရယူခြင်း။

၄၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ရန် ရေနံလုပ်ကွက်နှင့် သက်ဆိုင်သည့် ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာနကသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ လေ့လာကြည့်ရှုနိုင်ခြင်း၊

(ခ) မိမိ၏အစုရှယ်ယာ သို့မဟုတ် အခွင့်အရေး သို့မဟုတ် အကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အပြီးအပိုင်လွှဲပြောင်းရောင်းချရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြခွင့်ရှိခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော သတ်မှတ်သည့် ဘဏ်တစ်ခုခုတွင် လက်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသုံး ငွေကြေးအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဃ) နိုင်ငံခြားသုံး ငွေကြေးအမျိုးအစားအလိုက် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုမှ နိုင်ငံခြားဘဏ်တစ်ခုခုသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိခြင်း၊

(င) ရေနံလုပ်ငန်းလုပ်ကိုင်ရာမှရရှိသော အချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာ လျှို့ဝှက်ထားရှိခြင်းနှင့် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များ၊ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အဖွဲ့ဝင်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ လွှဲပြောင်းလက်ခံရန် အလားအလာရှိသူများထံသို့ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဖော်ပြသခွင့်ရှိခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှရရှိသော အချက်အလက်များ၊ သတင်းများအနက်မှ စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များဖြစ်သော ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာအချက်အလက်များ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အချက်အလက်များမှတစ်ပါး ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ ထုတ်လုပ်ခြင်းဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးဆိုင်ရာအချက်အလက်များကို ထုတ်ဖော်ပြသခွင့်ရှိသည်။

## အခန်း(၁၅)
## စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ သင့်လျော်သော အရာရှိများကို ရေနံလုပ်ငန်းစစ်ဆေးရေးအရာရှိများအဖြစ်လည်းကောင်း၊ စစ်ဆေးရေးအဖွဲ့အဖြစ်ဖွဲ့စည်း၍လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအဖွဲ့တို့အား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၄၂။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ပါ စည်းကမ်းချက်များကိုလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူအား စီမံခန့်ခွဲရေးအရ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူများက ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(င) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ယင်းတို့၏လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၁၆)
## စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ

၄၃။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ရပ်စဲခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ဃ) နာမည်ပျက်ပုဂ္ဂိုလ်စာရင်း သို့မဟုတ် နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းကြေညာခြင်း။

၄၄။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၃၉ ပုဒ်မခွဲ(ဂ)၊ (ဈ)၊ (ဏ)၊ (ထ)နှင့် (ဘ)ပါ တားမြစ်ချက်မှအပ အခန်း(၁၄) ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေး၍ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

# မန္တလေးမြို့သင်္ကန်းဈေးကွက်တွင် အရည်အသွေးကောင်းသည့် ထိုင်းနိုင်ငံထုတ် သင်္ကန်းများ အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့ရှိ ကထိန်အကြိုရာသီသင်္ကန်းဈေးကွက်တွင် အရည်အသွေးကောင်းသည့် ထိုင်းနိုင်ငံထုတ် ဘိုမတံဆိပ် ဂျပန်မာတင်သင်္ကန်းများ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် သင်္ကန်းပရိက္ခရာများကို ကထိန်ရာသီမတိုင်မီ သီတင်းကျွတ်လကတည်းက ကြိုတင်ဝယ်ယူမှုများရှိနေပြီး အဓိကအားဖြင့် ဈေးနှုန်းထက် အရည်အသွေးကောင်းသည့် သင်္ကန်းများကို ရွေးချယ်ဝယ်ယူမှုများပြားလာကြောင်း စိန်နှင့်မြသင်္ကန်းရောင်းဝယ်ရေးမှ ဒေါ်ငွေငွေယဉ်က ပြောသည်။

ထိုင်းနိုင်ငံထုတ် ဘိုမတံဆိပ် ဂျပန်မာတင်သင်္ကန်းများနှင့်အပြိုင် ဆွစ်ဇာလန်နိုင်ငံထုတ် ချည်သားအစစ် ကော်တွန်သင်္ကန်းများနှင့် အမေရိကန်နိုင်ငံထုတ် ဝါသင်္ကန်းများကိုလည်း ဝယ်ယူလှူဒါန်းကြပြီး ဒေါ်လာဈေးနှုန်းကြောင့် ယခုနှစ် သင်္ကန်းဈေးနှုန်းမှာ ယမန်နှစ်ထက် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်သွားကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိရောင်းချနေသော သင်္ကန်းဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် ဘိုမတံဆိပ် ဂျပန်မာတင်သင်္ကန်းဒွိစုံ တစ်စုံလျှင်ကျပ် ၃၂၀၀၀ နှုန်း၊ လိပ်ပြာတံဆိပ်သင်္ကန်းတစ်စုံလျှင်ကျပ် ၂၂၀၀၀ နှုန်း၊ တရုတ်နိုင်ငံထုတ် စီဝိုင်စီသင်္ကန်းတစ်စုံလျှင်ကျပ် ၁၀၀၀၀ နှုန်း၊ ဖဲသားရိုင်ဖယ်သင်္ကန်းတစ်စုံလျှင်ကျပ် ၁၄၀၀၀၊ ဆွစ်ဇာလန်ကော်တွန်သင်္ကန်းမှာကျပ် ၃၅၀၀၀ နှုန်း၊ ကြာပိုးအိမ်သင်္ကန်းမှာကျပ် ၄၅၀၀၀ နှုန်း၊ စူပါကင်းတံဆိပ်သင်္ကန်းမှာကျပ် ၅၅၀၀၀ နှုန်း၊ စင်ကာပူနိုင်ငံထုတ် ဆန်တိုဇာသင်္ကန်းမှာကျပ် ၆၅၀၀၀ နှုန်းနှင့် အမေရိကန်နိုင်ငံထုတ် ဝါသင်္ကန်းမှာကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝယ်လိုအားလျော့နည်း၍ ပြည်တွင်းလက်မှုအနုပညာလုပ်ငန်းများ ကျားကန်နေရ

**ရန်ကုန် အောက်တိုဘာ ၄**

နှစ်နှစ်ကျော်ကာလအတွင်း ပြည်တွင်းလက်မှုအနုပညာလုပ်ငန်းတွေ ဝယ်လိုအားလျော့နည်းပြီး ကျားကန်နေရတဲ့အချိန်ကို ရောက်နေတယ်လို့ မြန်မာ့လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာခုက ပြောသည်။

"အမှန်ပြောရရင် ကျွန်တော်တို့ကျားကန်နေရတာ။ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်တဲ့ ပညာရှင်တွေ အလုပ်သမားတွေမတိုးတာ။ နောက်တစ်ခုက ဈေးကြီးတဲ့နေရာတွေမှာသွားပြီး ဆိုင်တွေမဖွင့်တာတို့ အဲဒီလိုမျိုး ကျစ်ကျစ်လျစ်လျစ်နဲ့ နေတဲ့အခါကျတော့ ကျွန်တော်တို့က ပြိုလဲမသွားဘူး" ဟု မြန်မာ့လက်မှုအနုပညာ အသင်းဥက္ကဋ္ဌ ဦးသာခုက ပြောသည်။

၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပြည်တွင်းလက်မှုအနုပညာလုပ်ငန်းတွေအနေဖြင့် ရွှေခေတ်ရောက်ရှိခဲ့ပြီး ယခုကဲ့သို့ ဝယ်လိုအားလျော့နည်းလာသည်မှာ ပြီးခဲ့တဲ့ ၂၀၁၇ နှောင်းပိုင်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ကအလွန်အေးတယ်၊ ကုန်ကြမ်းပြတ်လပ်မှုတွေလည်းရှိတယ်၊ ဝယ်ယူတဲ့သူတွေက မှာတာကိုလည်း ကျွန်မတို့ဘက်က ကုန်ကြမ်းမရှိလို့ ဈေးကွက်လက်လွှတ်လိုက်ရတာတွေရှိတယ်" ဟု GANDAMAR Sea-Shell Arts and Products မှ မထိုက်က ပြောသည်။

ကနုကမာလက်မှုအနုပညာလုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းရှင်တွေအနေနဲ့ ကုန်ကြမ်းရှားပါးမှု ပြဿနာကိုရင်ဆိုင်နေရပြီး ယခုနှစ်ဧပြီလမှ စတင်ကာဈေးကွက်ဝယ်လိုအား ပိုမိုကျဆင်းလာခဲ့ကြောင်း ၎င်းကပြောသည်။

ကုန်ကြမ်းလေလံဆွဲရာတွင် လေလံတင် ရောင်းချပွဲ၌ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားလုပ်ငန်းရှင်များနှင့် အပြိုင်ဝယ်ရသည့်အတွက် နောက်ပိုင်းတွင် ငွေကြေးမတတ်နိုင်၍ ကုန်ကြမ်းရှားပါးမှုကို ရင်ဆိုင်နေရခြင်းဖြစ်သည်။

ပြည်တွင်းက လက်မှုအနုပညာလုပ်ငန်းများအနေဖြင့် အနောက်နိုင်ငံဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်နိုင်ဖို့ အခက်အခဲတွေရှိနေကြောင်း လက်မှုအနုပညာလုပ်ငန်းရှင်များက ပြောဆိုကြသည်။

လက်မှုအနုပညာလုပ်ငန်းများအနေဖြင့် အရောင်းပြခန်းနှင့် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချဖို့ အခက်အခဲများရှိပြီး ပြည်တွင်း၌ ရိုးရာလက်မှုပစ္စည်းအရောင်းစင်တာများ ဖွင့်လှစ်ပေးနိုင်လျှင် ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း လက်မှုအနုပညာလုပ်ငန်းရှင်အချို့က ဆိုသည်။

**SMW**



# လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်လည်အစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက အမှတ် ၁၂ ရပ်ကွက် လှိုင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

သဘာပတိအဖြစ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က ဆောင်ရွက်ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဗဟိုအမှုဆောင်အဖွဲ့နာယက ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)က တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**



ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၇ - ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။ ၅၈၈

## တိုတိုထွာထွာဖတ်စရာ

### ပန်းတနော်၌ အရှည်ပေ ၉၅၀ နှင့် အကျယ် ၁၀ ပေရှိ ကွန်ကရစ်လမ်းဖွင့်

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာတွင် အရှည်ပေ ၉၅၀၊ လမ်းအကျယ် ၁၀ ပေ၊ လမ်းအမြင့် ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

### ရွှေဘို၌ ခိုက်ရန်ဖြစ်ပွားရာ ဝင်ရောက်ဖျန်ဖြေသူ မိခင်သေဆုံး

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အင်ကြင်းပင်ရွာ၌ အောက်တိုဘာ ၁ ရက် ည ၆ နာရီခွဲက ဒေါ်ကျင်ပွေး၏ နေအိမ်ခြံဝင်းအတွင်း၌ သားနှစ်ယောက်ဖြစ်သော သိန်းကျော်နှင့် သိန်းဇော်တို့ စကားများခိုက်ရန်ဖြစ်ပွားခဲ့ရာ ညီဖြစ်သူ သိန်းဇော်က အစ်ကိုဖြစ်သူသိန်းကျော်အား သစ်သားထင်းချောင်းဖြင့် ရိုက်နှက်စဉ် ဝင်ရောက်ဖျန်ဖြေသူ မိခင်ဒေါ်ကျင်ပွေး၏ ဦးခေါင်းထိပ်ကို ထိမိပြီး သတိလစ်မေ့မြောသွားရာမှ ညောင်ပင်ကြီးစု တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူစဉ် ည ၇ နာရီ ၅၀ မိနစ်တွင် သေဆုံးသွားသဖြင့် သိန်းဇော်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

### မူးယစ်ဆေးဝါးနှင့် လက်နက်ကျည်တောင့်များ သိမ်းဆည်းရမိ

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ည ၆ နာရီ မိနစ် ၅၀ က ဖန်မင်ကျေးရွာအုပ်စု ဧဒင်ကျေးရွာ အေးရိပ်မြိုင်လမ်းမပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ လူနှစ်ဦးမောင်းနှင်လာသည့် ယာဉ်တစ်စီးကို ရှာဖွေရာ ၉၉၉ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ ပွိုင့် ၄၅ ကျည် ၄၅ တောင့်၊ ထိုင်းဘတ်ငွေ ၃၀၁၅၀၊ မြန်မာငွေကျပ် ၁၃၀၀၀ တို့နှင့်အတူ ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် အားဟိုးနှင့် ပီဆာတို့ နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# သံလွင်တံတားအနီး ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့ သံလွင်တံတားအနောက်ဘက်ထိပ် မြောက်ဘက်တွင်ရှိသော ဖားကပ်ကျေးရွာ မြစ်ကမ်းသည် သံလွင်တံတားနှင့် နှစ်ဖာလုံခန့် အကွာအဝေးတွင် ရေတိုက်စားမှုကြောင့် ကမ်းပြိုခဲ့မှုအခြေအနေအား ကရင်ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက သွားရောက်ကြည့်ရှုသည်။



သံလွင်မြစ်ရေ ပြန်ကျသွားသော်လည်း စက်တင်ဘာ ၃၀ ရက်က စတင်ကာ မြစ်ကမ်းတဖြည်းဖြည်းပြိုလာခဲ့ကြောင်း၊ ကမ်းမှရေအောက်အနက်ပေ ၄၀ ခန့်နက်သည့်အတွက် ထပ်မံပြိုလာပါက မြစ်ကမ်းဘေးရှိ လူနေအိမ်များနှင့် တံတားအတွက် စိုးရိမ်ရကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

အဆိုပါ ရေတိုက်စားမှုကြောင့် ကမ်းပြိုနေမှုအခြေအနေအား ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်နိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# လေကြောင်းမှတစ်ဆင့် တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတားဆီးရေး အခြေခံသင်တန်းပေး

**ရန်ကုန် အောက်တိုဘာ ၄**

သစ်တောဦးစီးဌာနဦးဆောင်မှုဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS Myanmar) နှင့် WWF တို့ပူးပေါင်း၍ လေကြောင်းသယ်ယူပို့ဆောင်ရေးမှတစ်ဆင့် တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအခြေခံသင်တန်းပေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ Yangon Aerodrome ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ဒီသင်တန်းက မြန်မာနိုင်ငံမှာရှိတဲ့ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုကို လေဆိပ်ကတစ်ဆင့် တားဆီးကာကွယ်ရေးလုပ်ငန်းတွေ လုပ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ပို့ချပေးတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က ပြောသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်ထိ ပို့ချပြီး ယင်းသင်တန်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းရဲအကောက်ခွန်ဌာနမှ ဝန်ထမ်းနှင့် လေဆိပ်ဝန်ထမ်း ၂၀၀ ခန့် တက်ရောက်သင်ကြားသည်။

တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု အသိပညာပေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေအရ အရေးယူမှုများလည်း ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

**ဇာနည်မောင်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းခြင်းနှင့်ဥပဒေ

မောင်စာဂ

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလ၏ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပတော့မည်။ ယခု ကြားဖြတ်ရွေးကောက်ပွဲသည် လစ်လပ်နေသည့် လွှတ်တော်မဲဆန္ဒနယ် ၁၃ နေရာအတွက် ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ရှစ်နေရာဖြစ်သည်။ ဥပဒေနှင့်အညီ လွတ်လပ်၍ မျှတသော အောင်မြင်သည့်ရွေးကောက်ပွဲကြီးတစ်ခု ဖြစ်စေချင်သည်။

သို့ဖြစ်သည်နှင့်အညီ ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်များ၊ ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အသီးသီးတို့အတွက် သိသင့်သိထိုက်သည့် အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများမှ ကောက်နုတ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ဖန် ရွေးကောက်ပွဲပြီးစီးသည့်အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများက မဖြစ်မနေဆောင်ရွက်ကြရမည့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရခြင်းအကြောင်းကို ဆက်လက်၍ မျှဝေပေးပါရစေ။

## သုံးစွဲခွင့်ရှိသော ငွေပမာဏနှင့် သုံးစွဲခွင့်ပြုနိုင်သော ငွေအမျိုးအစား

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲနိုင်သည်။ ငွေကျပ်သိန်းတစ်ရာထက်ပို၍ သုံးစွဲခြင်းမပြုရပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိ၏ ကိုယ်ပိုင်ငွေဖြင့် သုံးစွဲနိုင်သည်။ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသော ငွေများကိုလည်း သုံးစွဲနိုင်သည်။ သက်ဆိုင်ရာပါတီအဖွဲ့အစည်းက ထောက်ပံ့သည့်ငွေဖြင့်လည်း သုံးစွဲနိုင်သည်။

## ငွေစာရင်းစာအုပ်များထားရှိသုံးစွဲခြင်း

ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျ ထားရှိရမည်။ သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ရမည်။ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ အသုံးစရိတ်များကို သတ်မှတ်ချက်နှင့်အညီ ကျခံသုံးစွဲရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်လည်းကောင်း၊ ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို ပေးချေနိုင်သည်။

## ကုန်ကျစရိတ်စာရင်း တင်သွင်းခြင်းနှင့် တင်သွင်းရမည့်ကာလ

ရွေးကောက်ပွဲကျင်းပပြီးစီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိတို့သုံးစွဲခဲ့သည့် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရမည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်။

## ပူးတွဲတင်သွင်းရန်အထောက်အထား

ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့် ပူးတွဲတင်သွင်းရမည်။ ထို့ပြင် မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ပြုလုပ်သော ယင်းစာရင်းများ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာကိုလည်း ပူးတွဲတင်သွင်းရမည်။

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ရမည့်အချက်

ပုံစံ (၂၀) ဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကုန်ကျစရိတ်ငွေစာရင်းတင်သွင်းသည့်နေ့ရက်ကိုလည်းကောင်း၊ သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု-မပြုကိုလည်းကောင်း ယင်းစာရင်း၌ မှတ်တမ်းတင်ထားရမည်။

(ခ) လက်ခံရရှိသည့်နေ့မှ နှစ်ရက်အတွင်း ပုံစံ (၂၀) မိတ္တူတစ်စုံကို မိမိရုံးတွင် အများမြင်သာသောနေရာတွင် ကပ်ထားရမည်။

(ဂ) မိတ္တူကူးယူလိုပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ် ၁၀၀၀ ပေးဆောင်ပါက မဲဆန္ဒရှင် မည်သူကိုမဆို လျှောက်ထားရယူခွင့်ရှိစေရမည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတင်သွင်းရန် သတ်မှတ်ထားသော နေ့ရက်ကုန်ဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အောက်ပါအချက်များပါဝင်သည့် အစီရင်ခံစာကို တင်သွင်းရမည် -

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းသည့် ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် ကိုယ်စားလှယ်လောင်း၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါက တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း ပြု-မပြု၊

(ဃ) တင်သွင်းရန်ပျက်ကွက်သည့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့အား အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာသင့်ကြောင်း တင်ပြချက်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အထက်ပါအတိုင်း အစီရင်ခံစာတင်သွင်းပြီးနောက် အောက်ပါအချက်များပါဝင်သည့် ကြော်ငြာစာကို မိမိရုံးရှိ အများမြင်သာသောနေရာ၌ ကပ်ထားရမည် -

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ကုန်ကျစရိတ်တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) တင်သွင်းပါက ယင်းသို့တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း ပြု-မပြု၊

(ဃ) သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟုသတ်မှတ်ရန် တင်ပြထားသူများ။

## လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆောင်ရွက်ရန်အချက်

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အထက်ပါအတိုင်း ကြော်ငြာစာကပ်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း မိမိအား အရည်အချင်းပျက်ယွင်းသူအဖြစ် မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားနိုင်သည်။ မိတ္တူတစ်စောင်ကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ရန်အချက်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာအရဖြစ်စေ၊ သက်ဆိုင်ရာကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တို့က လျှောက်ထားလာချက်အရဖြစ်စေ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ်-မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေရမည်။ ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာအပေါ်မူတည်၍ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်-မသင့် ဆုံးဖြတ်ရမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ကြေညာချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

## အကျိုးသက်ရောက်မှု

သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။

## တွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်

သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသူများစာရင်းကို အောက်ပါအတိုင်း သိရှိမှတ်သားရပါသည် -

(က) ၂၀၁၀ ပြည့်နှစ် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၂ ဦး၊ ရွေးကောက်ပွဲကိုယ်စားလှယ် ၃၁ ဦး၊

(ခ) ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် မရှိပါ၊

(ဂ) ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၉ ဦး၊ ရွေးကောက်ပွဲကိုယ်စားလှယ် ၂၄ ဦး၊

(ဃ) ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦး၊ အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသူ ရွေးကောက်ပွဲကိုယ်စားလှယ် မရှိပါ။

## အရည်အချင်းပျက်ယွင်းသူများ မဖြစ်ကြစေလို

ယခုအခါ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးနေကြချိန် ဖြစ်သည်။ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေများ ကျခံသုံးစွဲနေကြသည်။ ရွေးကောက်ပွဲပြီးလျှင် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းကို ပုံစံ (၂၀) တွင် ဖြည့်သွင်း၍ တင်သွင်းကြရမည်မှာ မဖြစ်မနေဆောင်ရွက်ကြရမည့် တာဝန်ဖြစ်သည်။ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မည်သူကိုမျှ အရည်အချင်းပျက်ယွင်းသူများ မဖြစ်ကြစေလိုပါ။

ယခုကတည်းက ဖြည့်သွင်းရမည့် ပုံစံ (၂၀) ကိုသေသေချာချာ ဖတ်ရှုလေ့လာထားကြရန် လိုအပ်သည်။ ပုံစံ (၂၀) တွင် ဖော်ပြထားသည့်ခေါင်းစဉ်များအလိုက် တိကျစွာလိုက်နာ၍ ငွေစာရင်းများ ဖြည့်သွင်းဆောင်ရွက်ထားကြမည်ဆိုလျှင် ရွေးကောက်ပွဲပြီးသည်နှင့် သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း လွယ်ကူချောမောစွာ တင်သွင်းနိုင်ကြမည်ဖြစ်ကြောင်းပါ။

> ❝ ပုံစံ (၂၀) တွင် ဖော်ပြထားသည့် ခေါင်းစဉ်များအလိုက် တိကျစွာလိုက်နာ၍ ငွေစာရင်းများ ဖြည့်သွင်း ဆောင်ရွက်ထားကြမည်ဆိုလျှင် ရွေးကောက်ပွဲပြီးသည်နှင့် သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်း လွယ်ကူချောမောစွာ တင်သွင်းနိုင်ကြမည်... ❞

- **ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို မှန်ကန်ပြည့်စုံစွာတင်သွင်းနိုင်ကြပါစေ၊**
- **အရည်အချင်းပျက်ယွင်းသူများမဖြစ်ကြပါစေနှင့်၊**
- **ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ လိုက်နာနိုင်ကြပါစေ။**

YUKI & AKI | CNC men's wear | Mama Bella | YY Kids | Forever | HORN Fashions | TODAY | I-MAX | LADARNO | TRI | TRUE | PWINTOO | KOOL | Q.C | Cupid | Step | Pu Pu Kids Fashion | Snazzy | BABY House | နီလာ | USHIDO

# ABC မင်း

# 23rd Birthday

# SALE UP TO 20% OFF

SPIKE | Forever | Bloom | OM | Style Kids | Sweetie kids | PERSONA | T-Zar | TEN | Fashion Idol | Limelight | Forever | Time Car | About-U | MT Collection | KS Collection | Samsonite | ရွှေနဒီ | ZEAL | 1st Generation

- Sep 28 to Oct 7 - 2018 ( All Branches )
- ကုန်စုံဆိုင်များ၏အရောင်းကောင်တာများတွင် တစ်ရက်အတွင်းကျပ် (၃၀၀၀၀)ဖိုးဝယ်ယူသူတိုင်း Lucky Draw ကူပွန်တစ်စောင်ရရှိမှာဖြစ်ပါတယ်....

PTK | CAIDE CLUB | pierre cardin | Max & Mia

- TOSHIBA TV 43" ★ TOSHIBA TV 32" ★ Samsung Hand Set ★ Air Cooler နှင့်အခြားသော ဆုလက်ဆောင်များကိုကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါတယ် ...

---

နိုင်ငံတကာအဆင့်မီ

# ရွှေနန်းတော်

စိန်ရွှေရတနာဆိုင်

# သီတင်းကျွတ် အကြိုအထူးအရောင်းပွဲတော်

## 10% to 60% Off

အောက်တိုဘာ (၅)ရက်၊(၆)ရက်၊(၇)ရက်

(၃)သိန်းနှင့်အထက် ဝယ်ယူသူတိုင်းအတွက်

(၃)သောင်းမှ(၅)သိန်းအထိ ရွှေဆွဲပြားများ ချီးမြှင့်ပေးမည်





---

# ဖျံ့-၅-ကောင်

အမှတ်တံဆိပ်

QUALITY CROWN | GENEVA GOLD STAR FOR QUALITY

## ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၈၃၈၀၁၇၅၊ ၃၉၂၉၉၄

---

# သီဟလင်း

အိမ်မြောင်း / အိမ်ရှေ့လုပ်ငန်း (10',14',16',18',22")အား များဖြင့်လုပ်သားအပြီးအစီး ပြုလုပ်၍ / နယ်ဝင်း လုပ်ဆောင်ပေးသည်။

01-570307

09-5112729

09-5126394

---

# BILLBOARD ADVERTISING @ 21 AD

ရန်ကုန် (...)

CHURCH

☎ 377093 ✆ 09 73043672 ✆ 09 73200189 ✆ 09 73200201

---

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®

အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဆက(စာနယ်ဇင်း)၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)

ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ တတိယအကြိမ် ရောက်ရှိ



သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် သံအမတ်ကြီး ကင်ဇိုအိုရှီးမားတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

**ရန်ကုန် အောက်တိုဘာ ၄**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားတို့သည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် တတိယအကြိမ် သီးခြားစီရောက်ရှိလာကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးစက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**ရွှေလီ အောက်တိုဘာ ၄**

မြန်မာ-တရုတ် နှစ်နိုင်ငံ (၁၈)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်က ကျင်းပရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်နိုင်ငံ ရွှေလီမြို့မှ စတင်တာလွှတ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းနှင့် အနီး ဝန်းကျင်မှ မြန်မာစက်ဘီးစီးသမား ၉၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး တရုတ်ဘက်မှ ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

"မြန်မာဘက်မှ စက်ဘီးစီးသမား ၉၁ ဦး ပါဝင်ယှဉ်ပြိုင်ပြီး တရုတ်နိုင်ငံဘက်က စက်ဘီးစီးသမား ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပါတယ်"ဟု မူဆယ်ခရိုင် အားကစားဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပပမင်းက ပြောသည်။

**တရုတ်နိုင်ငံအတွင်းသို့ ပန်းဝင်**

ချစ်ကြည်ရေးစက်ဘီးစီးပြိုင်ပွဲသည် စတင်တာထွက်သည့် ရွှေလီမြို့ ပန်းခြံမှ နှစ်နိုင်ငံနယ်စပ် နန်းတော်ပေါက်မှထွက်ကာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာပြီး လွယ်တိန်ခမ်းတောင်ပေါ်သို့ တက်ရောက်ကြသည်။ ထိုမှတစ်ဆင့် သိန်းသန်းချီအဝေးပြေးကွင်းရှေ့ မြို့ရှောင်လမ်းအတိုင်းသွားကာ မင်္ဂလာမူဆယ်မှတစ်ဆင့် ဆင်ဖြူပေါက်မှ တရုတ်နိုင်ငံအတွင်းသို့ ပန်းဝင်ကြောင်း သိရသည်။

**၀၀၂**





မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှု ပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာ ယူ-၂၁ (က) အသင်းအား ကစားသမား ၂၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၂၁ အသင်းကို ကစားသမား ၂၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာ ၂ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၁ (က) အသင်းလူစာရင်းတွင် နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်၊ ဦးချစ်နိုင်၊ ဂိုးနည်းပြ ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် ဂိုး-စိုးအာကာ၊ အောင်မျိုးထွေး၊ ထွန်းနန္ဒဦး၊ နောက်တန်း-ဇွဲခန့်မင်း၊ ဇွဲသက်ပိုင်၊ ကျော်သက်ဦး၊ ကျော်သူထွန်း၊ အံ့မော်ဦး၊ ဇင်ရဲနောင်၊ အောင်ဝဏ္ဏစိုး၊ သက်ပိုင်ထွေး၊ အလယ်တန်း-အောင်နိုင်ဝင်း၊ ပြည့်စုံနိုင်၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ နန်းထိုက်ဇင်၊ မင်းကိုကို၊ ဇွဲသက်ပိုင်၊ ဟိန်းထက်အောင်၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ စအောင်ပြည့်ကို၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်းနှင့် ထက်အာကာလင်းတို့ ပါဝင်ကြသည်။ မူလရွေးချယ်ထားသည့် မြန်မာ ယူ-၂၁ (က) အသင်းလူစာရင်းတွင် ခုနစ်ဦးမှာ ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသောကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

